## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

အများအမှန် ပိုင်းခြားသိမြင် မြဝတီနေ့စဉ်

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၀၀)

၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက်၊ တနင်္ဂနွေနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့ မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် တက်ရောက်

ပုသိမ် ဇူလိုင် ၂၆

ကရင်တိုင်းရင်းသားရိုးရာ ဝါခေါင်လချည်ဖြူဖွဲ့မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျုံပျော်မြို့နယ် ဧရာမင်းခန်းမ၌ကျင်းပရာ ဆရာတော်သံဃာတော်များ၊ ဘာသာရေးခေါင်းဆောင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးခွန်သန့်ဇော်ထူး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ တက်ရောက်ကြသည်။

**စာမျက်နှာ ၅ ကော်လံ ၁ ⇨**



## နောင်ချိုမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်တက်ရောက်ခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



စာ - ၁၂ သို့

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းထုတ်ပြန်ကြေညာ အောင်ချက်ရာခိုင်နှုန်း ၄၈ ဒသမ ၀၆ ရာခိုင်နှုန်းရှိ

နေပြည်တော် ဇူလိုင် ၂၇

၂၀၂၅ ခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့် မန္တလေးငလျင်ကြီး ဘေးဒဏ်ခံခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ပြန်လည်ဖြေဆိုသော ၂၀၂၅ ခုနှစ် ဇွန်လတွင်ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့နံနက်ပိုင်းတွင် တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်းအပြီးထုတ်ပြန်ကြေညာသည်။

ထိုသို့ထုတ်ပြန်ပေးရာတွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အတွင်းရှိ ကျောင်းများ၌တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို **စာမျက်နှာ ၅ ကော်လံ ၁ ◆**

## ဆောင်းပါး


သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်ပင်သစ်တောများကို ဝိုင်းဝန်းထိန်းသိမ်း စာ - ၁၃ သို့

ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက နှစ်သိန်းကျော် စိုက်ပျိုးပြီးစီး စာ - ၃ သို့





## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇူလိုင် ၂၇ ရက်)

# စုပေါင်းညီညာဆောင်ရွက်ခြင်းဖြင့် . . .

ဤလောကတွင်လူတန်းစားနှစ်မျိုးရှိသည်။ ယင်းတို့မှာ လောကကိုကောင်းကျိုးပြုသူနှင့် လောကကို ကောင်းကျိုးမပြုသူတို့ဖြစ်သည်။ ကောင်းကျိုးပြုသူတို့သည် စိတ်ထားကောင်းရှိသူများဖြစ်ပြီး ကောင်းကျိုးမပြုသူများမှာ အကောင်းမြင်စိတ်မရှိသူများဖြစ်သည်။ မြန်မာနိုင်ငံတွင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသည့်တပ်မတော်ရှိသကဲ့သို့ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပေါ်ပေါက်လာသည့်အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများရှိကြသည်။ တပ်မတော်သည် စတင်ဖွဲ့စည်းစဉ်မှ ယနေ့အချိန်အထိ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသကဲ့သို့ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများမှာ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်များကို ပျက်စီးအောင်ဖျက်ဆီးလျက်ရှိသည်။

တပ်မတော်သည် နိုင်ငံတော်အတွက်ဖြစ်တည်လာခြင်းနှင့်အတူ နိုင်ငံတော်၏ အချုပ်အခြာအာဏာထိပါးနှောင့်ယှက်မှုတို့နှင့်ကြုံရလေတိုင်း နိုင်ငံတော်ကိုဦးဆောင်တာဝန်ယူခဲ့ရသည်။ တပ်မတော်က နိုင်ငံတော်ကို ဦးဆောင်တာဝန်ယူခဲ့သည့်ကာလများတွင် တိုင်းကျိုးပြည်ပြုလုပ်ငန်းများမှာ လက်ညှိုးထိုးမလွဲအောင်များပြားလှသည်။ ရထားလမ်း၊ ကားလမ်းများ၊ မြစ်ကူးချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံများ၊ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာတက္ကသိုလ်များနှင့် မြို့သစ်များစွာ ထင်ရှားစွာရှိနေသည်။ ထို့ပြင် ပြည်သူများလိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်ဦးဆောင် လမ်းဖွင့်ပေးခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်လျက်ရှိချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူများအေးချမ်းစွာနေထိုင်သည့်မြို့ရွာများကို ပျက်စီးအောင်ဖျက်ဆီးခဲ့ခြင်းကြောင့် ပြည်သူများလူ့အခွင့်အရေးဆုံးရှုံးခဲ့ရသည်။ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်သည့် မြို့ရွာများ၌ တပ်မတော်၏ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကိုလူသားတံတိုင်းအဖြစ်အသုံးပြုခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းတို့ လုပ်ဆောင်လျက်ရှိသည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို အစဉ်အမြဲကာကွယ်စောင့်ရှောက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူတို့၏ သတင်းရရှိမှုနှင့်အခြေအနေပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်လျက်ရှိရာ မြို့ရွာများကို ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည်။

တပ်မတော်က အဆိုပါမြို့ရွာများကို ပြန်လည်သိမ်းပိုက်လာသည့်အခါ ဒေသခံပြည်သူတို့အားရဝမ်းသာပျော်ရွှင်ကြသည်။ နောင်ချိုဒေသတစ်ဝိုက်ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် ဒေသခံတိုင်းရင်းသားပြည်သူများက တပ်မတော်နှင့်ဌာနဆိုင်ရာများအား အားပေးထောက်ခံကြိုဆိုကြသည်။ တပ်မတော်သားများကလည်း ဒေသခံပြည်သူများကို ရင်းနှီးနွေးထွေးစွာ နှစ်သိမ့်အားပေးကြသည်။ ဒေသခံပြည်သူများ မိမိတို့ဒေသသို့ပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် တပ်မတော်မှသယ်ယူပို့ဆောင်ရေးမှအစ စားဝတ်နေရေးအားလုံး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

တပ်မတော်အနေဖြင့် ပြည်သူလူထုအေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက်အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေးများကိုဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၁၆ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် တောင်ခမ်းဒေသတစ်ဝိုက်နှင့်နောင်ချိုမြို့တို့ကို တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်သမားများယာယီထိန်းချုပ်ထားသောဒေသများတွင် မနေလိုသည့်ဒေသခံပြည်သူများအနေဖြင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းများကိုပစ်ပယ်ကာ ယာယီနေရပ်စွန့်ခွာခဲ့ရသည့်အတွက် ပြည်သူလူထု၏လူမှုစီးပွားဘဝများနိမ့်ကျခဲ့ရသည်။ ကုန်စည်စီးဆင်းမှုများလည်း ရပ်တန့်ခဲ့သည်။

တပ်မတော်အနေဖြင့် ကုန်စည်စီးဆင်းမှုလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ပေးခဲ့သောကြောင့် ယခုအခါ ကုန်စည်စီးဆင်းမှုများ လွယ်ကူစွာစီးဆင်းနိုင်ပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းရှိပြည်သူလူထု၏ လူမှုစီးပွားဘဝများတိုးတက်မြင့်မားအောင် အဘက်ဘက်မှ ကူညီလုပ်ဆောင်ဖြည့်ဆည်းပေးလျက်ရှိပြီး တပ်မတော်အနေဖြင့်လည်း ပြည်သူလူထုစိတ်အေးချမ်းသာစွာနေထိုင်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့၌ အကြမ်းဖက်သမားများ၏အကြမ်းဖက်မှုအန္တရာယ်မှကင်းဝေးအောင် လိုအပ်သောလုံခြုံရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ပြည်သူများ၏လူနေမှုဘဝကို မူလအခြေအနေသို့ပြန်လည်ရောက်ရှိအောင်၊ မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ပြန်လည်ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြည်သူလူထုများကအင်နှင့်အားနှင့်ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်ဖြစ်သည်။ ထိုသို့စုပေါင်းညီညာဆောင်ရွက်ခြင်းဖြင့် မိမိတို့ဒေသသည် ကောင်းမွန်သည့်လူမှုစီးပွားဘဝသို့ ပိုမိုမြန်ဆန်စွာပြန်လည်ရောက်ရှိမည်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

# အရာတော်မြို့နယ်၌ မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံဧက ၂၁၀၀၀ ကျော် စိုက်ပျိုးမည်

**အရာတော် ဇူလိုင် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးသီးနှံဧက ၂၁၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန်းစန်းမြင့်ထံမှ သိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် အရာတော်မြို့နယ်၌ မိုးစပါးသီးနှံ ဧက ၂၁၆၀၀ စိုက်ပျိုးရန်အတွက်လျာထားပြီး အဆိုပါမိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှစတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

မိုးသီးနှံစိုက်ပျိုးချိန်၌ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိစနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အရာတော်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အရာတော်မြို့နယ်၌ စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်နှိုးပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်း(မွမ်းမံ) ဆင်းပွဲကျင်းပ

**မိတ္ထီလာ ဇူလိုင် ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်း(မွမ်းမံ)ဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၂၅ ရက်တွင် ဝမ်းတွင်းမြို့နယ် ဇီးကျင်းကျေးရွာ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူမြင့်က ဝင်ငွေတိုးစီမံကိန်းဖြင့် လုပ်ငန်းထူထောင်ကြသော စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် စက်ချုပ်ဆိုင်ရာနည်းပညာများ ပိုမိုတတ်မြောက်ကျွမ်းကျင်စေရန်၊ လုပ်ငန်းများတိုးချဲ့အောင်မြင်ခြင်းဖြင့် တစ်ဦးချင်းဝင်ငွေ၊ မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်သင်တန်းကို အခမဲ့ဖွင့်လှစ်သင်ကြားပေးရာ သင်တန်းမှသင်ကြားပေးလိုက်သည့် ပညာရပ်များကို လက်တွေ့အသုံးချသည့်အပြင် စက်ချုပ်ပညာရပ်များကိုလည်း စဉ်ဆက်မပြတ်လေ့လာသင်ယူကြရန် ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီးက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကိုဦးက သင်တန်းသား၊ သင်တန်းသူများအား ကုန်ချောထည်များပေးအပ်သည်။

အဆိုပါသင်တန်းကို ဇူလိုင်လ ၁၁ ရက်မှ ၂၅ ရက်အထိ ၁၅ ရက်ကြာဖွင့်လှစ်သင်ကြားပေးရာ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကြကြောင်း သိရသည်။

(၆၀၂)

## MWD Education, Knowledge & Sports Channel

၂၇-၇-၂၀၂၅(တနင်္ဂနွေနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | - | ၁၀:၀၀ | Grade - 11 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂:၀၀ | - | ၁၄:၀၂ | Grade - 11 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆:၀၀ | - | ၁၈:၀၁ | Grade - 11 | ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈:၀၁ | - | ၁၉:၀၉ | Grade - 11 | သမိုင်း၊ ဘောဂဗေဒ |

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၁၁-၇၁၉၉၉၈၊ ဖက်စ် ၀၁၁-၇၁၉၉၉၉/၀၁၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၁၁-၇၄၀၀၆၊ ၀၁၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၁၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၁၄-၇၁၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၁၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက နှစ်သိန်းကျော် စိုက်ပျိုးပြီးစီး



ကန့်ဘလူ ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲတီစိမ်း၊ ပဲစင်းငုံ၊ စွန်တာပြာ၊ ထောပတ်ပဲနှင့် တခြားပဲ ၂၀၉၃၅၇ ဧက စိုက်ပျိုးရန်လျာထားပြီး မေလက စတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ပဲမျိုးစုံ ဧက နှစ်သိန်းကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

"ကန့်ဘလူမြို့နယ်မှာ မိုးသီးနှံပဲမျိုးစုံ စိုက်ပျိုးပြီးစီးမှုအနေနဲ့ ၉၉ ဒသမ ၀၂ ရာခိုင်နှုန်း စိုက်ပျိုးပြီးပါပြီ။ သီးနှံတွေ စိုက်ပျိုးရာမှာ ပန်းတိုင်အထွက်နှုန်းရရှိအောင် မြေဆီလွှာအာဟာရဖြည့်တင်းခြင်းလုပ်ငန်းအနေနဲ့ သဘာဝမြေဩဇာ ဖော်စပ်အသုံးပြုခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး မြေဆီလွှာအာဟာရကို ဖြည့်တင်းဆောင်ရွက်ခြင်း၊ တောင်သူတွေ တစ်နိုင်တစ်ပိုင်ထုတ်လုပ်သုံးစွဲနိုင်တဲ့ စူပါဘိုကာရှီမြေဆွေးအလွယ်တကူ ဖော်စပ်နည်းတွေကို လက်တွေ့ပြုလုပ်ပြသခြင်းတွေ ဆောင်ရွက်ပေးနေပါတယ်။ ဒါ့ပြင် ရေလိုအပ်ချက်နည်းတဲ့ ပဲမျိုးစုံ စီးပွားဖြစ်စိုက်ပျိုးနိုင်ဖို့၊ အရည်အသွေးကောင်းရရှိဖို့၊ နောက်ဆုံးပေါ်နည်းပညာတွေကို ရယူသုံးစွဲနိုင်ဖို့နဲ့ ဈေးကွက်ဝင်ပဲမျိုးစုံကို စိုက်ပျိုးကြဖို့ကိုလည်း စည်းရုံးဆောင်ရွက်နေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးဇော်ကပြောသည်။

ကန့်ဘလူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၈၀၉၂၆ ဧက၊ ပဲစင်းငုံ ၁၂၃၃၆၆ ဧက၊ စွန်တာပြာ ၂၂၂၅ ဧက၊ ထောပတ်ပဲ ၇၇၇ ဧကနှင့်တခြားပဲ ကိုးဧက စုစုပေါင်း ၂၀၇၃၀၃ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်းရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းသာမက နိုင်ငံအတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပြည်ပပို့ကုန်အဖြစ်ပါ ထုတ်လုပ်လာနိုင်မည်ဖြစ်သည်။ ထို့ပြင် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သည့် ဝယ်လိုအားမျှတလာပါက သီးနှံဈေးနှုန်းတည်ငြိမ်၍ တောင်သူများ၏ လူမှုစီးပွားဘဝများလည်း မြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၇၂၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်စတော့အိပ်ချိန်း၌ ဇူလိုင်လစတုတ္ထပတ်တစ်ပတ်တာကာလအတွင်း ငွေကျပ် သိန်း ၇၂၀ ကျော်တန်ဖိုးရှိ စတော့ရှယ်ယာအစောင် ၂၆၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် အများပိုင်ကုမ္ပဏီရှစ်ခုဖြင့် ဘဏ်ပိတ်ရက်များမှအပ နေ့စဉ် စတော့ရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်လျက်ရှိရာ ဇူလိုင်လ ၂၁ ရက်မှ ၂၅ ရက်အထိ တစ်ပတ်တာကာလအတွင်း ငွေကျပ် ၇၂၂၇၉၃၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၂၆၃၈၅ စောင် အရောင်းအဝယ်ပြုလုပ်နိုင်ခဲ့သည်။

ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် FMI ကုမ္ပဏီမှ ငွေကျပ် ၇၆၁၄၆၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၀၅၃ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။




MTSH ကုမ္ပဏီမှ ငွေကျပ် ၂၂၄၀၈၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၆၃၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MCB ကုမ္ပဏီမှ ငွေကျပ် ၃၈၈၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ငါးစောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

FPB ကုမ္ပဏီမှ ငွေကျပ် ၉၂၅၄၀၀၀ တန်ဖိုးရှိစတော့ရှယ်ယာ ၄၇၄၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

TMH ကုမ္ပဏီမှ ငွေကျပ် ၁၇၂၁၅၇၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၆၅၈၆ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

EFR ကုမ္ပဏီမှ ငွေကျပ် ၈၇၀၈၆၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၅၂၄၂ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

AMATA ကုမ္ပဏီမှ ငွေကျပ် ၄၃၅၆၅၅၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၁၂၅၉ စောင် အရောင်းအဝယ်ဖြစ်ခဲ့သည်။

MAEX ကုမ္ပဏီမှ ငွေကျပ် ၂၈၅၀၁၀၀ တန်ဖိုးရှိ စတော့ရှယ်ယာ ၈၆၄ စောင် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ခန့်ခန့်**

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တာမွေမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းစီစဉ်ကျင်းပသော ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ဇူလိုင်လ ၂၅ ရက်က တာမွေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ တာမွေမြို့နယ်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး တာမွေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူခိုင်က မုဒိတာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မို့မို့အောင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံစာရေးဆရာအသင်းမှ စာရေးဆရာမ မြမဥ္ဇူဝေ(ကျုံမငေး)က စာပေ၏တန်ဖိုးခေါင်းစဉ်ဖြင့် အသိပညာပေး ရှင်းလင်းဟောပြောသည်။ ယင်းနောက် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် အခြေခံပညာမူလတန်းနှင့် အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ပုံပြောပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ အင်္ဂလိပ်စာစကားလုံးဆက်ပြိုင်ပွဲနှင့် ဘယ်ခြေညာလက်ကစားနည်း စသည်ဖြင့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြပြီး ထူးချွန်ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မူမူအောင်က ကျေးဇူးတင်စကားပြောကြားပြီး တာဝန်ရှိသူများနှင့် ထူးချွန်ဆုရရှိကြသူများ အမှတ်တရစုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသော လူငယ်ရေးရာဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ/ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### လူတွင်ကျယ်ဖြစ်လာရပုံ

ကျွန်ုပ်သည် မန်ကျည်းတုံရွာတွင် အင်္ဂလိပ်လိုပြောတတ်သည့် တစ်ဦးတည်းသောပုဂ္ဂိုလ်ဖြစ်၍ စစ်သားများနှင့် ရွာသူရွာသားများကြားတွင် အောင်သွယ်ကြီးဖြစ်လာပြီး နှစ်ဖက်စလုံးသည် ပြဿနာအရပ်ရပ်ကို ဖြေရှင်းရန်အတွက် ကျွန်ုပ်ထံသို့ ယူလာကြ၏။ ဥပမာ စစ်သားများသည် သောက်ရေကန်များထဲသို့ ဆင်း၍ ရေချိုးကြသည်ဟု ကျွန်ုပ်ထံ တိုင်တန်းကြလေရာ ကျွန်ုပ်က ကာနယ်အရာရှိ(အိုစီ)အား ပြောပြလိုက်သည်နှင့် ၎င်းက ချက်ချင်း တယ်လီဖုန်းဆက်၍ အမိန့်ပေးလိုက်၏။ (ဗြိတိသျှစစ်တပ်သည် ရွာသို့ရောက်သည်နှင့်တစ်ပြိုင်နက် တယ်လီဖုန်း၊ ကြိုးများ သွယ်တန်းထား၏။) ထို့နောက် စစ်ဗိုလ်ချုပ်က ရေကူးခြင်းများရှိသေးလျှင် ပြောပါဟု ကျွန်ုပ်အား မှာထားသေးရာ မည်သူမျှ နောက်ထပ်ကျူးလွန်ခြင်းမရှိသည့်အတွက် ရွာသားများက "တို့ ကိုကြီးသိန်း တယ်ဟုတ်ပါတကား" ဟု ကျေးဇူးတင် အထင်ကြီးခြင်းလည်း ခံရပေသည်။ စစ်သားများကလည်း အလားတူစွာ ပြဿနာလေးများကို ကျွန်ုပ်ထံယူခဲ့ကြ၍ ကျွန်ုပ်က ဖြေရှင်းပေးနိုင်ခြင်းအတွက် ကျေးဇူးတင်ခြင်း ခံရပေသည်။ ကျွန်ုပ်သည် လူတွင်ကျယ်လုပ်ချင်၍ စွက်ဖက်ခြင်းမဟုတ်ဘဲ အလိုအလျောက် တာဝန်ကျရောက်လာခြင်းကြောင့် ဆောင်ရွက်ရခြင်းဖြစ်ပါသည်။ သို့နှင့်လည်း နှစ်ဖက်စလုံး၏ ကျေးဇူးတင်ခြင်းခံရသည့်အခါ ကျေနပ်ဝမ်းသာသော အရသာလေးခံစားမိခြင်းကို ဝန်ခံရမည်ဖြစ်ရာ ထို့ကြောင့်လည်း တချို့လူများ လူတွင်ကျယ်လုပ်ချင်ကြခြင်းကို သဘောပေါက်နားလည်လာပါသည်။ သို့ရာတွင် ဤအတွက်ကြောင့် ကျွန်ုပ်ကိုယ်တိုင် လူတွင်ကျယ်တစ်ယောက်အနေဖြင့် ဆက်လက်ဆောင်ရွက်ချင်သောစိတ်မျိုး ဖြစ်ပေါ်လာသည်ကား မဟုတ်ရပါ။ သူတစ်ပါးအတွက်၊ တိုင်းပြည်အတွက်ဟူ၍ ဆောင်ရွက်ကြသည့် အကောင်းဆုံးဆိုသော နိုင်ငံရေးသမားများသည်ပင် (နိုင်ငံရေးလုပ်စားသည့် အညံ့စားများကို မဆိုထားဘိ) လူတွင်ကျယ်လုပ်ချင်သူများ၏ နယ်ပယ်ဖြစ်သည်ဟု သဘောပေါက်မိခဲ့ပါသည်။ အောင်မြင်သည့်အခါ၌ ခံစားရသော အရသာလေးမှာလည်း ဟုတ်တုတ်တုတ်ရှိခြင်းကို ဝန်ခံပါသည်။

### စစ်ဗိုလ်ကြီးနှင့် ကျွန်ုပ်

သုံးရက်ခန့်ကြာရှိသောအခါ ကာနယ်စစ်ဗိုလ်ကြီးနှင့်ကျွန်ုပ်သည် အကျွမ်းတဝင်ဖြစ်လာကြ၍ ညနေခင်းအချိန်များတွင် စကားလက်ဆုံကျပြီး ကိုယ့်တိုင်းပြည်နှင့် ကိုယ့်လူမျိုးအကြောင်းကို အပြန်အလှန် မေးကြမြန်းကြ ပြောပြကြ၏။ စစ်ဗိုလ်ကြီးလည်း ကျောင်းဆရာလုပ်ခဲ့ဖူး၍ အတော်စာဖတ်သော လူတစ်ယောက်ဖြစ်ရာ သူ၏ စကော့တလန်ပြည်အကြောင်းနှင့် သူ၏သားသမီးများအကြောင်းကို လွမ်းဆွတ်သောမျက်နှာထားနှင့် ပြောပြလေ့ရှိ၏။ ကျွန်ုပ်ကလည်း စကော့လူမျိုး စာရေးဆရာကြီး ဆာဝေါလ်တာစကော့နှင့် ကဗျာဆရာကြီး ရော့ဘတ်ဘန်းစ်အကြောင်းတို့ကို ဖတ်ဖူးထားသည့်အတိုင်း ချီးကျူးပြောဆိုလေရာ စစ်ဗိုလ်ကြီးသည် ကျွန်ုပ်ကိုအထင်ကြီးရုံသာမက ခင်မင်လာကြ၍ စားစရာများ ကျွေးမွေးလေ့ရှိ၏။ ကျွန်ုပ်ကလည်း မြန်မာနည်းချက်ထားသည့် ကြက်သားဟင်းနှင့်ထမင်းကို စစ်ဗိုလ်အားလုံးတို့အား ဒင်းနားပါတီကျွေးမွေးပါသေးသည်။ စစ်ဗိုလ်ကြီးနှင့် ကျွန်ုပ်သည် သက်တူရွယ်တူ ၅၆ နှစ်ဖြစ်၍ စကားနည်းပုံချင်းလည်း တူကြသည်နှင့် တစ်ယောက်ကိုတစ်ယောက် အတော်ကြီး ခင်မင်လာကြသည်။ လေးငါးရက်ခန့်ကြာလတ်သော် စစ်ဗိုလ်ကြီးက ကျွန်ုပ်အင်္ဂလိပ်စကားပြောပုံမှာ ရောက်စကနှင့်မတူဘဲ အတော်သွက်လက်လာသည်ဟုပြော၏။ အမှန်မှာ ကျွန်ုပ်သည် ကိုသိန်းဖေ၊ ကိုခင်မောင်တင့်တို့နှင့် ကွဲလာကတည်းက တစ်ခွန်းတစ်ပါဒမျှ ပြောရခြင်းမရှိသောကြောင့် ကျွန်ုပ်၏ လျှာသည် အသုံးမပြုဘဲ ပစ်ထားသည့် စက်ကိရိယာတစ်ခုကဲ့သို့ သံချေးတက်ပြီး ယခုမှပင် ဆီထည့်လိုက်သည့်နှယ် သွက်လက်လာကြောင်း ပြောပြရသေးသည်။

"သူတစ်ပါးအတွက်၊ တိုင်းပြည်အတွက်ဟူ၍ ဆောင်ရွက်ကြသည့် အကောင်းဆုံးဆိုသော နိုင်ငံရေးသမားများသည်ပင် (နိုင်ငံရေးလုပ်စားသည့် အညံ့စားများကို မဆိုထားဘိ) လူတွင်ကျယ်လုပ်ချင်သူများ၏ နယ်ပယ်ဖြစ်သည်ဟု သဘောပေါက်မိခဲ့ပါသည်။ အောင်မြင်သည့်အခါ၌ ခံစားရသော အရသာလေးမှာလည်း ဟုတ်တုတ်တုတ်ရှိခြင်းကို ဝန်ခံပါသည် . . ."

(ဤခေတ်၌ ခေတ်ပညာတတ်လူငယ်များသည် အင်္ဂလိပ်စကားပြောခြင်း အတတ်တွင် အတော်ဆုတ်ယုတ်လာခြင်းကိုတွေ့ရပေရာ အင်္ဂလိပ်စကားပြောတတ်ခြင်းသည် အရာရောက်သော ပညာရပ်တစ်ခုဖြစ်သည်ဟုထင်ကြလျှင် မိမိတို့တတ်ထားသောစကားလုံးများ ဆွေးမြည့်မကုန်စေရန် အလေ့အကျင့်ပြုကြဖို့ လူငယ်များအား တိုက်တွန်းလို၏။ သို့မဟုတ်ခဲ့လျှင် နားလည်ရုံသာရှိပြီး ပြန်မပြောတတ်သောအဖြစ်သို့ ရောက်သွား၍ နားသာရှိပြီး လျှာမပါသောလူကဲ့သို့ ဖြစ်သွားမည်ကို စိုးရိမ်ရသည်။) တစ်ညနေ၌ စစ်ဗိုလ်ကြီးက မိမိတို့၏ စစ်တပ်မှာ အရှေ့ဘက်တည့်တည့် ရောဝတီမြစ်ကမ်းတွင်ရှိသော သစ်ဆိမ့်ကြီးရွာသို့ ပြောင်းရွှေ့ရန် အမိန့်ရောက်လာကြောင်းကို ဝမ်းနည်းပုံရသောမျက်နှာထားနှင့် ပြောပြနှုတ်ဆက်လေသည်။ နောက်တစ်နေ့နံနက်မိုးမလင်းမီ စစ်တပ်သည် သစ်ဆိမ့်ကြီးရွာသို့ ပြောင်းရွှေ့သွားလေရာ ကျွန်ုပ်၏ဖောက်သည်များဖြစ်သော စစ်သားများကမူ ၎င်းတို့ဝယ်နေကျဖြစ်သော ခရမ်းချဉ်သီး၊ ဆေးပြင်းလိပ်နှင့် ထန်းလျက် စသည့်ကုန်စည်များကို ၎င်းတို့ရှိသောနေရာသို့လာ၍ ရောင်းချဖို့ အတန်တန်မှာသွားကြလေသည်။

### ဈေးလိုက်၍ရောင်းခြင်း

သစ်ဆိမ့်ရွာသို့ ဈေးရောင်းလိုက်သော အလုပ်မှာ ပျော်စရာမဟုတ်သော်လည်း စွန့်စားခန်းလေးများ ပါရှိသည်ဖြစ်သောကြောင့် အကျဉ်းချုံး၍ ဖော်ပြလိုက်ရပါဦးမည်။ ကျွန်ုပ်သည် ယောက်ဖတစ်ယောက် (မောင်စံလွန်)အား စစ်သားများသို့ ဈေးရောင်းရခြင်း၏ ကျေးဇူးရှိပုံအကြောင်းကိုပြောပြရာ သူသည် အလွန်စိတ်ပါလာ၍ သွားကြရန်တိုက်တွန်းလေ၏။ သူ့၌ နွားလှည်းလည်းရှိ၍ ဆေးပြင်းလိပ်၊ ခရမ်းချဉ်သီးနှင့် ထန်းလျက် စသောပစ္စည်းများလည်းဝယ်ခဲ့ဖို့ တာဝန်ယူလေရာ ကျွန်ုပ်က စစ်သားများအား ဈေးရောင်းရန်အတွက်သာ တာဝန်ယူပါဆို၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် ညနေသုံးနာရီအချိန်တွင် ကုန်ပစ္စည်းများတင်၍ မန်ကျည်းတုံရွာမှ လှည်းတစ်စီးဖြင့် ထွက်လာကြရာ ဆောင်းဥတုရာသီဖြစ်၍ ပေါင်းမိုးမပါသော လှည်းပေါ်တွင် နေပူခြင်း၏ဒဏ်ကို ခံနိုင်ပါသည်။

နေဝင်ချိန်တွင် မင်းကုန်းရွာသို့ ဆိုက်ရောက်၍ သူကြီးအိမ်၌ ထိုည၌အတွက် စတည်းချကြရာ သူကြီးသည် ကျွန်ုပ်နှင့် အနည်းငယ်မျှသာ သိကျွမ်းသော်လည်း ကျွန်ုပ်ကဲ့သို့သော လူတစ်ယောက်က ဈေးသည်လုပ်နေခြင်းကို သနားကြင်နာသည့်လက္ခဏာနှင့် စားကောင်းသောက်ဖွယ်များချက်ပြုတ်ကျွေး၍ အိပ်ရာနေရာကောင်းမွန်စွာ ပြင်ဆင်ပေးပါပေသည်။ ကျွန်ုပ်၏ယောက်ဖ မောင်စံလွန်သည် ငေါ်ရာစစ်သားများသို့ ရောင်းရန်အတွက် ကျွန်ုပ်မသိအောင် လျှို့ဝှက်၍ယူခဲ့သော တောအရက်များကို သူကြီးနှင့်အတူ သောက်ကြလေရာ ကျွန်ုပ်သည် အရက်မသောက်သူမဟုတ်သော်လည်း ဤလူများနှင့်အတူ မသောက်လိုသဖြင့် ဟန်လုပ်၍ ရှောင်ခဲ့ပါသည်။ (ဟန်လုပ်ရခြင်းမှာ ဤလူများသည် ကျွန်ုပ်၏သူငယ်ချင်းများမဟုတ်။ ယောက်ဖငယ်နှင့် ကျွန်ုပ်ကို ရိုသေလေးစားသည့် သူကြီးတစ်ယောက်ဖြစ်သောကြောင့် ဖြစ်ပါသည်။ ကျွန်ုပ်ထက်ငယ်၍ အဝါးမဝသော လူများနှင့်အတူ သောက်မိသောကြောင့် မှားခြင်းကို ကြုံဖူး၍ သင်ခန်းစာရခဲ့ဖူးပါပြီ။ ဤအပြုအမူမှာ အနောက်တိုင်းသားများ၏ စနစ်ကောင်းတစ်ခုဖြစ်၍ သာမန်အရှေ့တိုင်းသားများ နားလည်ကောင်းမှ နားလည်ကြပေမည်။ အရက်သောက်ခြင်းအတူတူ ဆိုသော်လည်း ခြားနားခြင်းရှိပေသေးသည်။) ထိုည၌ စားကောင်းသောက်ကောင်းဖြစ်လာအောင် သောက်ချင်လှသော်လည်း အောင့်အည်း၍ နေလိုက်ပါသည်။

### ကျွန်ုပ်၏ ဝါသနာတစ်ခု

နောက်တစ်နေ့ နံနက်စောစောထ၍ လှည်းမောင်းသွားကြရာ ဤခရီးလမ်းမှာ ကျွန်ုပ်မရောက်ဖူးသည့်လမ်းဖြစ်၍ အဆန်းအသစ်၌ စိတ်ဝင်စားတတ်သော ကျွန်ုပ်၏ ဝါသနာအတိုင်း လှည်းပေါ်၌ ပျင်းရိသည်မရှိဘဲ တောင်ကြည့် မြောက်ကြည့်ဖြင့် လိုက်ပါလာခဲ့၏။ ယောက်ဖ မောင်စံလွန်မှာ တောင်သူတစ်ယောက်မျှသာဖြစ်လေရာ ကျွန်ုပ်နှင့် ဗဟုသုတအဆင့်အတန်းမမီသူများနှင့် စကားကြာရှည်မပြောတတ်သော ကျွန်ုပ်၏ဝါသနာအတိုင်း သူ့ဘာသာလှည်းမောင်း၍ ကျွန်ုပ်ဘာသာ ငေးမောကာလိုက်လာ၏။ (ဤစကား၌ ခြွင်းချက်တစ်ခုထားရပါဦးမည်။ ဗဟုသုတအဆင့်အတန်း မမီသော်လည်း ကျွန်ုပ်ဝါသနာပါသော မြင်းအကြောင်း၊ ဘိလိယက်အကြောင်း၊ ဂီတအကြောင်း စသည်တို့ကိုမူ မည်သည့်ဝါသနာအိုးနှင့် စကားပြောရသည်ဖြစ်စေ ကျွန်ုပ် အလွန်စိတ်ပါဝင်စားခြင်း ရှိပါသည်။ ဤအတတ်များ၌လည်း အထုံဝါသနာမရှိ၊ ဗဟုသုတလည်း အလွန်နည်း၍ ရှာမှီးလိုသော ဆန္ဒလည်းမရှိသူများနှင့်မူ ရိုင်းသည်ဟုဆိုချင်ဆို သူတို့၏ ဘလစ်ဘလစ်ပြောခြင်းမျိုးကို ကြာရှည်စွာသည်းမခံနိုင်ကြောင်း အမှုအရာဖြင့် ဖော်ပြချင်တတ်ပါသည်။) **ဆက်လက်ဖော်ပြပါမည်။**

## ကော့သောင်းမြို့၌ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြော

ကော့သောင်း ဇူလိုင် ၂၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် သစ်တောဦးစီးဌာနမှ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် ဒီရေတောသစ်ပင်စိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၅ ရက်က ကော့သောင်းမြို့ ပုလုံးတုံတုံးကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ကော့သောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ပုလုံးတုံတုံးတံတားအနီး၌ စတင်ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာကြသူများအား စိုက်ပျိုးမည့်ပျိုးပင်များ ပေးအပ်ပြီး တက်ရောက်လာကြသူများက ဒီရေတောသစ်မျိုးဖြစ်သည့် ဖြူးခြေထောက်ပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။ အဆိုပါ ဒီရေတောသစ်ပင်စိုက်ပျိုးနေမှုကို ခရိုင်နှင့်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဒီရေတောများ သားစဉ်မြေးဆက် ထိန်းသိမ်းအသုံးပြုနိုင်ရေး ပြည်သူလူထု အသိပညာမြှင့်တင်ပေး အသိပညာပေးဟောပြောပွဲကို ပုလုံးတုံတုံးကျေးရွာ ရန်ကြီးအောင်ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ အခမ်းအနားအစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။



**ချမ်းမြေ့**




**⇨ ကရင်တိုင်းရင်းသားရိုးရာမှ**

ဦးစွာ ကရင်တိုင်းရင်းသား၊ တိုင်းရင်းသူများ၏ ကရင်ရိုးရာဒုံးယိမ်းအကဖြင့် ဖျော်ဖြေမှုများကိုကြည့်ရှုအားပေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ယနေ့ အခမ်းအနားသည် ကရင်တိုင်းရင်းသား အားလုံး၏ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာ အခမ်းအနားဖြစ်ကြောင်း၊ ကရင်ရိုးရာ ဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနား တွင် ယခုကဲ့သို့ မိမိတိုင်းရင်းသားများ စုစုစည်းစည်း ပြန်လည်တွေ့ဆုံရသည်မှာ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်ဟု ပြောရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးက ဝါခေါင်လ ချည်ဖြူဖွဲ့ မင်္ဂလာ(လက်ချည်ပွဲ)အခမ်းအနားကျင်းပ ကြသည့်ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ခေါင်းဆောင် ဦးစော ထွန်းအောင်မြင့်တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ကျုံဒိုးမြို့နယ် ကရင် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီနာယက ပြာမလော့ကျေးရွာ ကျောင်းတိုက်ဆရာတော် ဥူးဥက္ကာဇောတိ၊ ပုသိမ်မြို့နယ် ကက်သလစ်ဂိုဏ်းချုပ်ဆရာ တော်ကြီး Bishop ဟင်နရီမန်းအိုင်ခလိန် တို့က နှုတ်ခွန်းဆက်အမှာစကားပြောကြား ပြီး ချည်ဖြူဖွဲ့မင်္ဂလာ(စုပေါင်းလိပ်ပြာခေါ်ပွဲ) အကြောင်း စာတမ်းဖတ်ကြားကာ တိုင်း ဒေသကြီးအဆင့် ဝါခေါင်လ ကရင်ရိုးရာ ချည်ဖြူဖွဲ့မင်္ဂလာ (စုပေါင်းလိပ်ပြာခေါ်ပွဲ) ကျင်းပရေးကော်မတီဝင်တစ်ဦးက ကျေးဇူး တင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင်နှင့်ဧည့်သည် တော်များအား ဘိုးဘွားများက ကရင်ရိုးရာ ချည်ဖြူဖွဲ့ပေးကြပြီး ကရင်ရိုးရာဝါခေါင်လ ချည်ဖြူဖွဲ့မင်္ဂလာအခမ်းအနားကို စည်ကား သိုက်မြိုက်စွာကျင်းပကြသည်။

ထို့နောက် ရေကြည်မြို့နယ် ဆီဆုံ ကုန်းကျေးရွာအုပ်စု တောင်သူဦးကျော် ကျော်ဦး၏ စိုက်ကေငါးကေ၌ အောင်နိုင် တိုးစပါးမျိုးအား ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် စုပေါင်း ဓာတ်မြေဩဇာကြဲပက်ပွဲနှင့် ပေါင်းလိုက် တမန်းနှိုးပွဲကို တက်ရောက်ကြည့်ရှုအားပေး ပြီး တောင်သူများနှင့်တွေ့ဆုံ၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်း ဒေသကြီးဝန်ကြီးချုပ်တို့က သီးနှံစုံပန်းတိုင် အထွက်နှုန်းရောက်ရှိရေးအတွက် အခြေခံ လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်း မှန်ကန် စွာစိုက်ပျိုးနိုင်ရေးဆောင်ရွက်ရန်၊ သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျ သုံးစွဲရန်၊ တိုင်းဒေသကြီး၏ မိုးစပါးပန်း တိုင်အထွက်နှုန်းရောက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး ဓာတ်မြေဩဇာကြဲပက်ခြင်းနှင့် ပေါင်းလိုက် တမန်းနှိုးရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် တောင်သူများအား စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

**◆ ရှေ့ဖုံးမှအဆက်**

ထုတ်ပြန်ထားလျက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများက အေးချမ်းစွာလာရောက်ကြည့်ရှုကြသည်။

အဆိုပါ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာန website ဖြစ်သော www.myanmarexam.org တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကိုလည်း မြန်မာ့အသံ (ရေဒီယို)၊ တိုင်းရင်းသား အစီအစဉ်များမှ ထုတ်လွှင့်ကြေညာပေးလျက်ရှိကြောင်း သိရသည်။

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖြေဆို၊ အောင်မြင်သူနှင့် အောင်ချက်ရာခိုင်နှုန်းများကို အောက်ဖော်ပြပါဇယားဖြင့် ထုတ်ပြန်ကြေညာထားသည်။

**၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ**

**ပြည်နယ်/တိုင်းဒေသကြီးအလိုက် ဖြေဆို/အောင်မြင်ဦးရေပြဇယား**

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ဖြေဆို ဦးရေ | အောင်မြင် ဦးရေ | အောင်မြင် ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ကချင်ပြည်နယ် | ၈၅၈၄ | ၄၁၀၀ | ၄၇.၇၆% |
| ၂။ | ကယားပြည်နယ် | ၁၃၂ | ၆၈ | ၅၁.၅၂% |
| ၃။ | ကရင်ပြည်နယ် | ၃၃၄၈ | ၁၅၀၀ | ၄၄.၈၀% |
| ၄။ | ချင်းပြည်နယ် | ၄၀၈ | ၁၁၀ | ၂၆.၉၆% |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး | ၉၇၀၅ | ၄၂၄၁ | ၄၃.၇၀% |
| ၆။ | တနင်္သာရီတိုင်းဒေသကြီး | ၄၅၄၁ | ၂၂၉၇ | ၅၀.၅၈% |
| ၇။ | နေပြည်တော် | ၁၂၄၀၇ | ၅၇၄၁ | ၄၆.၂၇% |
| ၈။ | ပဲခူးတိုင်းဒေသကြီး(အရှေ့) | ၁၂၃၉၆ | ၅၇၄၄ | ၄၆.၃၄% |
| ၉။ | ပဲခူးတိုင်းဒေသကြီး(အနောက်) | ၉၆၈၅ | ၃၀၂၇ | ၃၁.၂၅% |
| ၁၀။ | မကွေးတိုင်းဒေသကြီး | ၁၇၈၇၇ | ၉၂၀၇ | ၅၁.၅၀% |
| ၁၁။ | မန္တလေးတိုင်းဒေသကြီး | ၃၃၇၉၁ | ၁၆၇၆၆ | ၄၉.၆၂% |
| ၁၂။ | မွန်ပြည်နယ် | ၈၉၇၂ | ၅၁၂၈ | ၅၇.၁၆% |
| ၁၃။ | ရခိုင်ပြည်နယ် | ၁၅၆၄ | ၅၅၀ | ၃၅.၁၇% |
| ၁၄။ | ရန်ကုန်တိုင်းဒေသကြီး | ၃၇၄၆၇ | ၁၉၃၆၆ | ၅၁.၆၉% |
| ၁၅။ | ရှမ်းပြည်နယ်(တောင်) | ၁၂၄၀၇ | ၆၀၃၅ | ၄၈.၆၄% |
| ၁၆။ | ရှမ်းပြည်နယ်(မြောက်) | ၆၅၈ | ၂၇၉ | ၄၂.၄၀% |
| ၁၇။ | ရှမ်းပြည်နယ်(အရှေ့) | ၁၆၉၅ | ၆၃၉ | ၃၇.၇၀% |
| ၁၈။ | ဧရာဝတီတိုင်းဒေသကြီး | ၃၂၂၄၁ | ၁၅၁၀၇ | ၄၆.၈၆% |
| ၁၉။ | နိုင်ငံခြား | ၂၀ | ၁၉ | ၉၅.၀၀% |
| **စုစုပေါင်း** | | **၂၀၇၈၉၈** | **၉၉၉၂၄** | **၄၈.၀၆%** |

**ပညာရေးဝန်ကြီးဌာန**

# စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ကြည့်ရှုအားပေး

ဘားအံ ဇူလိုင် ၂၆

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး သည် ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့နယ် အတွင်း စိုက်ပျိုးမွေးမြူရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေး မြေပြင်ကွင်းဆင်းကြည့်ရှု အားပေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်ပြည်နယ် ဝန်ကြီးများသည် ဘားအံမြို့နယ် ရဲသာ ကျေးရွာအုပ်စု လှိုင်ရွာရှိ တောင်သူဦးလုံ(ခ) ဦးအောင်ဖေညွန့်၏ တစ်နိုင်တစ်ပိုင် ဒေသ ကြက် ၁၁၂ ကောင်နှင့် ဝက် ၄၇ ကောင် မွေးမြူရေးခြံကို သွားရောက်ကြည့်ရှု အားပေးပြီး တိုးချဲ့မွေးမြူနိုင်ရေးနှင့် လိုအပ် သည်များ ကူညီဖြည့်ဆည်းပေးနိုင်ရေး မှာကြားကာ တိရစ္ဆာန်သုံးဆေးဝါးများ အခမဲ့ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ သည် ဘားအံမြို့နယ် တော်ပုံကျေးရွာ ကွင်းအမှတ်-၁၁၉၀ ရှိတောင်သူဦးထွန်းတင် ၏ မိုးစပါးတစ်ဧကအထွက်နှုန်းတိုးတက် ရေးနည်းပညာပေးစံပြစိုက်ခင်း ငါးဧက၌ စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန (ခွဲ)မှ ခရအမိုင်နိုအက်စစ်ပြုလုပ်သုံးစွဲနည်း နှင့် အီးအမ်ဘိုကာရှီမြေဆွေးပြုလုပ်သုံးစွဲ နည်းတို့ကိုလက်တွေ့ပြုလုပ်ပြသရာ တော်ပုံ၊ လှိုင်ကမ္ဘာ၊ ကော့ထမ္မလိန်းကျေးရွာတို့မှ မိုးစပါးစိုက်တောင်သူများ တက်ရောက် ကြည့်ရှုလေ့လာကြပြီး ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူ များက သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း ဖြင့် ရရှိနိုင်သောအကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြ၍ ပြန်လည်ပြုလုပ်သုံးစွဲ ကြရန် တိုက်တွန်းပြောကြားကာ ပြည်နယ် ဝန်ကြီးချုပ်က ပြန်လည်ပြုလုပ်လိုသည့် တောင်သူများကို အီးအမ်(အပြင်း)ရည်များ အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် မိုးစပါးအထွက်နှုန်းတိုး တက်ရေးနည်းပညာပေးစံပြစိုက်ခင်းအား စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများစုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကာ ပင်ကြား၊ တန်းကြားမှန်ကန်စေရေး၊ သွင်းအားစုများ အချိန်ကိုက်ထည့်သွင်းနိုင်ရေးနှင့် ပန်းတိုင် အထွက်နှုန်း ပြည့်မီကျော်လွန်စေရေး တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဘားအံမြို့နယ် ကော့ထမ္မလိန်းကျေးရွာ ကွင်းအမှတ်-၁၂၀၄ တောင်သူ ဦးထွန်းဝင်း၏ မိုးစပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးနည်းပညာပေးစံပြစိုက်ခင်း၌ ကော့ထမ္မလိန်း၊ ကော့တရုတ်ရ၊ လှိုင်ကမ္ဘာ၊ ကော့လှိုက်ကျေးရွာတို့မှ တောင်သူများ ပူးပေါင်း၍ သဘာဝမြေဩဇာနှင့်ယူရီးယား ဓာတ်မြေဩဇာ အချိုးကျရောစပ်စုပေါင်း ကြဲပက်ခြင်းကွင်းသရုပ်ပြပွဲနှင့် အမှတ်(၂၀) စက်မှုလယ်ယာစခန်း(ဘားအံ)မှ ကွင်း အမှတ်- ၁၂၀၄ ကံမြားမြောက်ကွင်း တောင်သူ သုံးဦး၏ မိုးစပါးစိုက်ပျိုးမည့် လယ်မြေ ၆ ဒသမ ၁၈ ဧက၌ Kubota 50 ထွန်စက်ကြီးသုံးစီးဖြင့် မြေယာထွန်ယက် ပေးနေမှုများကိုကြည့်ရှုအားပေးပြီး မိုးစပါး အထွက်နှုန်းတိုးတက်ရေးအတွက် လိုအပ် သည့်သွင်းအားစုများ ဖြည့်ဆည်းကူညီပေး နိုင်ရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူ များအား မှာကြားကြောင်းသိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇူလိုင် ၂၆

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇူလိုင်လ ၂၆ ရက်အထိ သေဆုံးသူ ၃၇၇၁ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၃၇ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအားဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၄၉ ဦးအား ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ပြည်တွင်း၊ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ ကွင်းဆင်းဆောင်ရွက်

မန္တလေး ဇူလိုင် ၂၆

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တို့ဦးဆောင်သည့် လုပ်ငန်းကော်မတီအဖွဲ့သည် ယနေ့တွင် ငလျင်ဒဏ်သင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့၌ တာဝန်ရှိသူများနှင့် အစည်းအဝေးပြုလုပ်ခြင်း၊ ကွင်းဆင်းကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်သည်။

နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံရာပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းကော်မတီတစ်ရပ်ဖြစ်ပြီး ဗဟိုအစိုးရနှင့် ဒေသန္တရအစိုးရအဖွဲ့များအပြင် လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် နိုင်ငံတကာတို့၏ လုပ်ငန်းဆောင်ရွက်မှုများ ပိုမိုထိရောက်အောင်မြင်စေရန်နှင့် ဝိုင်းဝန်းဆောင်ရွက်နိုင်ရန်အတွက်ပေါင်းစည်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဦးစားပေးအဆင့်လိုက် လုပ်ငန်းစဉ်လျာထားပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည် ခွဲခြား၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ရမည်းသင်းခရိုင်အုပ်ချုပ်ရေးမှူး၊ တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး၊ သယံဇာတရေးရာဝန်ကြီးနှင့် စည်ပင်သာယာရေးဝန်ကြီးတို့က ကဏ္ဍအလိုက်ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက ငလျင်ဒဏ်သင့်ဘုရား၊ စေတီနှင့် သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးသန့်က ငလျင်ဘေးသင့်ဒေသများတွင် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ထားမှုများကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးက လုပ်ငန်းခွဲများအလိုက် ဆောင်ရွက်မှုနှင့် ဆက်လက်တင်ပြဆောင်ရွက်ပေးမည့်အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက အကြောင်းအရာနှင့် ရလဒ်ဦးစားပေးသတင်းများ ထုတ်ပြန်နိုင်ရေး၊ လူငယ်များနေရာပေးနိုင်ရေးနှင့် နယ်လှည့်ဖျော်ဖြေရေးကိစ္စများကို ဆွေးနွေးပြောကြားသည်။

အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဆင်ကျုံးယာယီဝန်ထမ်းအိမ်ရာသို့ရောက်ရှိပြီး ဝန်ထမ်း ၁၅၀ အတွက် Container House ၁၅၀ နှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှုကိုလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် ၇၃ လမ်းနှင့် လမ်း ၁၁၀ ထောင့်ရှိ မန္တလေး KBZ Center သို့ ရောက်ရှိပြီး ပြည်သူများ အခမဲ့ဆေးကုသနိုင်ရန် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှု၊ ရေရှည်ကူညီထောက်ပံ့နိုင်ရန် ချေးငွေစီစဉ်ပေးထားမှု၊ ပြန်လည်တည်ဆောက်ရေးအတွက် အဆင့်မီ သံချောင်းများ သင့်တင့်သောဈေးနှုန်းနှင့် ရောင်းချပေးရန် စီစဉ်ထားရှိမှု၊ သံချည် သံကွေးဆောက်လုပ်ရေးဆိုင်ရာ ပညာမျှဝေပေးမှု၊ အရေးပေါ်အသက်ကယ်လှေများ အသင့်စုဖွဲ့ထားရှိမှုတို့ကိုလည်းကောင်း၊ အမရပူရမြို့နယ်ရှိ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ရက်ကန်းလုပ်ငန်းနှင့် ပန်းပုလုပ်ငန်း လုပ်ကိုင်နေကြသော ပြည်သူများ၏ လိုအပ်ချက်များ စီစဉ်ဆောင်ရွက်ပေးနိုင်ရေး နည်းလမ်းဖော်ထုတ်၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားခဲ့ပြီး နေရာတစ်ခုစီအတွက် MRTV DTH အစုံ ၁၀ စုံစီနှင့် MRTV DVB T-2 Set Top Box အစုံ ၂၀ စီဖြင့် စုစုပေါင်း DTH အစုံ ၃၀ နှင့် Set Top Box အစုံ ၆၀ တို့ကိုပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့ရုံး၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က စစ်ကိုင်းမြို့ တည်ငြိမ်အေးချမ်းလာမှုနှင့်အတူ ဆက်လက်၍ တိုးချဲ့ဆောင်ရွက်နိုင်ရေး နိုင်ငံတော်နှင့် ပြည်သူလက်တွဲပေါင်းစပ်၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်ခရိုင်အုပ်ချုပ်ရေးမှူးတို့က နယ်မြေဒေသအလိုက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အတွက် MRTV DTH အစုံ ၅၀ နှင့် MRTV DVB T-2 Set Top Box အစုံ ၁၅၀ အား လွှဲပြောင်းပေးအပ်သည်။

အဆိုပါ လုပ်ငန်းကော်မတီအဖွဲ့သည် စစ်ကိုင်းမြို့ မဟာစည်းခုံကြီးဘုရားဝင်းအတွင်းရှိ ယာယီဝန်ထမ်းအိမ်ရာသို့ သွားရောက်ပြီး ဝန်ထမ်းမိသားစု ၃၆ စုအတွက် Container House များနှင့် အုပ်ချုပ်မှုကိစ္စရပ်များ စီမံဆောင်ရွက်ပေးထားမှုကို ကြည့်ရှု၍ ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝန်ထမ်းမိသားစုများအတွက် MRTV DTH အစုံ ၁၀ နှင့် MRTV DVB T-2 Set Top Box အစုံ ၂၀ တို့ကို ပေးအပ်သည်။

ထို့နောက် စစ်ကိုင်းမြို့ ရွာထောင်မီးရထားဒီဇယ်စက်ခေါင်းဝင်းအနီးရှိ မြေ ၆ ဧကခန့်တွင် Container House များဖြင့် ထပ်မံနေရာချထားနိုင်ရေး ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ မင်္ဂလာမန္တလေး Commercial Area ရှိ Ocean Super Center, Shops Houses နှင့် လမ်းလျှောက်ဈေးတို့သို့သွားရောက်ပြီး ပြည်သူများ ဈေးဝယ်/အပန်းဖြေမှုများဖြင့် စည်ကားနေမှုကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းသူနှင့် ဈေးဝယ်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ မင်္ဂလာမန္တလေးဧရိယာရှိ အဆောက်အအုံများမှာ မြေငလျင်ဒဏ်ထိခိုက်မှုများရှိခဲ့သော်လည်း စံချိန်စံညွှန်းနှင့်အညီ အမြန်ပြန်လည်ပြုပြင်ပြီး သက်ဆိုင်ရာ၏ စစ်ဆေးမှုများရယူကာ ဇွန်လ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ရာ ယခုအခါ မူလအခြေအနေသို့ပြန်လည်ရောက်ရှိလာပြီး ရောင်း/ဝယ် လည်ပတ်မှု၊ အပန်းဖြေအနားယူမှုများဖြင့် ပြန်လည်စည်ကားလာခြင်းဖြစ်ကြောင်း သိရသည်။

**မြဝတီ**



# စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲကျင်းပ

ထားဝယ် ဇူလိုင် ၂၆

စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြမည်"သီချင်းဖြင့်လည်းကောင်း၊ မုဒိတာကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက တိုင်းရင်းသားအကဖြင့်လည်းကောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများက "ပညာဘဏ်တိုက် စာကြည့်တိုက် "သီချင်းဖြင့်လည်းကောင်း သီဆိုကပြဖျော်ဖြေသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး လူငယ်စာပေဆွေးနွေးကြသောကျောင်းသား၊ ကျောင်းသူလေးဦးကိုလည်းကောင်း၊ ကျပန်းစကားပြောပြိုင်ပွဲ(အထက်တန်း) အဆင့်တွင်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း ဆုချီးမြှင့်သည်။

ထို့နောက် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အလှူရှင်များ (ကိုယ်စား) ကျောင်းအကျိုးဆောင်တို့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီးက လက်ခံရယူသည်။




ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏အစီအစဉ်ဖြင့် တိုင်းရင်းသားလူငယ်များယှဉ်ပြိုင်သော Dawei eSports Tournament 2025 အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ပြိုင်ပွဲတွင် eSports ပြိုင်ပွဲဝင်အသင်း (၈)သင်းတို့က ဇူလိုင်လ ၂၇ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ကဝ ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ဘန်ဒါကျေးရွာအနီး၌ ပဲခူးမြို့နယ် သစ်တောဦးစီးဌာနမှ အပြည်ပြည်ဆိုင်ရာဒီရေတောဂေဟာစနစ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ်ဒီရေတောသစ်ပင်စိုက်ပျိုးပွဲနှင့် အသိပညာပေးဟောပြောပွဲကို ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင်ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာကြသည့် ကဝမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ သက္ကမြို့အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများက ပြုးခြေထောက်အပင် ၁၈၀၀ အား စုပေါင်းစိုက်ပျိုးကြပြီး ဘန်ဒါကျေးရွာ၏နှုန်းထိန်းရေကာတာပေါင်အနီး၌ သစ်တောဦးစီးဌာန ဝန်ထမ်းများစုပေါင်း၍ အုန်းပင် ၃၀ အား လေကာတန်းအသွင်ဖြင့် ဆက်လက်စိုက်ပျိုးကြကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

## သဇင်(FM)အသံလွှင့်အစီအစဉ် ၂၇-၇-၂၀၂၅(တနင်္ဂနွေနေ့)

၁။ ၀၈:၀၀ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ

၂။ ၁၀:၄၀ နိပါတ်တော်လာ သိမှတ်စရာ

၃။ ၁၃:၃၀ Music Crazy

၄။ ၁၄:၅၅ Sporty Zone

၅။ ၁၈:၂၀ Relaxing Moment

၆။ ၂၁:၄၀ အသံလွှင့်ဇာတ်လမ်း

# ပြည်ထောင်စုသွေး ပြည်ထောင်စုအတွေး

❖ မေခနဲ့ မေလိခါ
မြစ်ရော ခရီးအစ။
တွဲလက်ညီစွာနဲ့
ဖွဲ့မပျက် ချီလာတော့
ပြည်မြန်မာ သီတာဖိတ်လို့
အေးရိပ်သာစွ။

❖ ချင်းတွင်းနဲ့ စစ်တောင်းရဲ့
ချစ်ကြောင်းဖွဲ့ တေးသံစဉ်။
မြန်ဒီ ချီရာလမ်းမှာ
လွှမ်းခဲ့သည်ပင်။
ရိုးမကို အလှဆင်
တောတောင်ခွင် အလှဆင့်။
ဘာမထိ ဇာနည်အလား
အားနှင့်မာန်နှင့်။

❖ ရှမ်းမြေမှာ **“နမ့်ခုံး”**တဲ့
ရှုမဆုံး မျှော်ချေလျှင်။
တစ်တောကျော် တစ်တောင်ဆင်း
မြစ်မင်းသံလွင်။
ကယားမှာ ငွေသဇင်
ပန်ဆင်လို့ ကြူကြူမွှေး။
ကရင်မှာ ဒုံးအကနဲ့
ပြုံးမြဲ ချီတေး။

❖ အရေးကြုံ သွေးဆုံစည်းလို့
အရေးကြီး သွေးနီးစွာ
တွဲလက်ခိုင်မာ။
အသီးရယ် တစ်ရာ
အညှာရယ် တစ်ခုထဲ။
မြစ်မတဲ့ အဖြာဖြာ
ပေါင်းဆုံရာ ပင်လယ်ထဲ။
ပြည်ထောင်စု စိတ်ဓာတ်သွေးနှင့်
တွေးချင့်ဖို့ပဲ။ ။

**မြင်းမှူမောင်နိုင်မိုး**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

( ဍ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

( ဎ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

( ဏ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

( တ )ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သက်ကြီးသတိမေ့ရောဂါ (Dementia) အကြောင်းသိကောင်းစရာ

ဒေါက်တာဥမ္မာစော

သက်ကြီးသတိမေ့ရောဂါသည် ဦးနှောက်နှင့်အာရုံကြောဆဲလ်များ တဖြည်းဖြည်းပျက်စီးယိုယွင်းလာခြင်းကြောင့် လုပ်ဆောင်နိုင်စွမ်းလျော့နည်းလာကာ တစ်ပါးသူကို မှီခိုအားထားနေရသည့် အသက်အရွယ်ရလာသည်နှင့်အမျှ ခံစားရနိုင်သောရောဂါတစ်ခုဖြစ်သည်။ ၂၀၂၁ ခုနှစ်စာရင်းအရ ကမ္ဘာပေါ်၌ လူဦးရေ ၅၇ သန်းသည် သက်ကြီးသတိမေ့ရောဂါခံစားနေကြရပြီး နှစ်စဉ် လူနာသစ် ၁၀ သန်းခန့်ရှိလာနိုင်ကြောင်း သိရသည်။ များသောအားဖြင့် အသက် ၆၅ နှစ်ကျော်လျှင် ခံစားရနိုင်ပြီး အသက် ၆၅ နှစ်တွင် ရောဂါခံစားရသူမှာ ကမ္ဘာ့လူဦးရေ၏ ၁ ဒသမ ၇ ရာခိုင်နှုန်းရှိသော်လည်း အသက် ၈၅ နှစ်အထက်တွင် ၁၃ ဒသမ ၁ ရာခိုင်နှုန်းအထိ ဖြစ်လာသည်။

### မေ့လျော့ခြင်းဆိုင်ရာဝေဒနာများခံစားရခြင်း

အဓိကအားဖြင့် မှတ်ဉာဏ်လျော့နည်းလာသောကြောင့် မကြာမီက ဖြစ်ပျက်ခဲ့သောအဖြစ်အပျက်၊ ပြောစကားများကို မမှတ်မိတော့ဘဲ ထမင်းစားပြီး၊ မပြီး၊ မည်သည့်ဟင်းနှင့်စားသည်ကိုပင် မမှတ်မိနိုင်ဖြစ်လာတတ်သည်။ မူလကသိရှိပြီးသူများကို နာမည်ခေါ်ရန်ခက်ခဲခြင်း၊ ပစ္စည်းများ၏အမည်မမှတ်မိခြင်း၊ မိသားစုဝင်များကို မသိတော့ခြင်းများ ခံစားရတတ်သည်။ အစတွင် မှတ်စုစာအုပ်များ၌ မှတ်သားထားခြင်းဖြင့် သတိပြန်ရရန် ကြိုးစားလုပ်ဆောင်နိုင်ခဲ့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ မေ့လျော့မှုမှာ ပို၍သိသာထင်ရှားလာသည်။ ပစ္စည်းများကို ပုံမှန်မဟုတ်သောနေရာများတွင်ထားမိပြီး ရှာမတွေ့ဖြစ်တတ်ကာ အနီးကပ်နေသူ မိသားစုဝင်များက ခိုးယူသည်ဟု ထင်မိတတ်သည်။ ထို့ပြင် နေ့ရက်များမမှတ်မိတော့ခြင်း၊ မိမိရောက်နေသည့်နေရာကို မသိတော့ခြင်း၊ လမ်းများမမှတ်မိခြင်းတို့ ဖြစ်လာနိုင်သည်။

တွေးခေါ်မြော်မြင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့တွင် အခက်အခဲဖြစ်လာသောကြောင့် ခက်ခဲရှုပ်ထွေးသောအလုပ်များကို လုပ်ဆောင်နိုင်ရန် မလွယ်တော့သည့်အပြင် နေ့စဉ်ပုံမှန်ကိစ္စများပင် မဆောင်ရွက်နိုင်တော့ပေ။ စဉ်းစားဆုံးဖြတ်နိုင်စွမ်းနည်းလာသဖြင့် ပြဿနာများကို ကောင်းစွာမဖြေရှင်းနိုင်ဖြစ်လာသည်သာမက ဆုံးဖြတ်ချက်အမှားများကိုလည်း ချမိလာကြသည်။ ဟင်းချက်ရာတွင် အရသာမမှန်ခြင်း၊ ငွေကြေးစီမံရန် ခက်ခဲလာခြင်းနှင့် သောက်ရန်ဆေးများ မရွေးချယ်နိုင်ခြင်းတို့ ဖြစ်လာတတ်သည်။ မိမိ၏တစ်ကိုယ်ရေသန့်ရှင်းရေးကိုလည်း ဂရုစိုက်မှုနည်းလာသည်။ စကားပြောရာတွင် ပြောရမည့်စကားလုံးများရွေးချယ်ရန် ခက်ခဲလာပြီး စကားအမှားများပြောမိတတ်သောကြောင့် လူမှုဆက်ဆံရေးတွင် အဆင်မပြေဖြစ်လာတတ်သည်။

### စိတ်ပိုင်းဆိုင်ရာခံစားရမှုများ ပြောင်းလဲလာခြင်း

မှတ်ဉာဏ်နှင့် ဦးနှောက်စွမ်းရည်လုပ်ဆောင်မှုများ အားနည်းလာခြင်းနှင့်အတူ စိတ်ပိုင်းဆိုင်ရာခံစားသိမြင်မှုများ ပြောင်းလဲလာကြသည်။ ရုတ်တရက်စိတ်တိုလွယ်ခြင်း၊ စိတ်အလိုမကျဖြစ်ခြင်း၊ ဝမ်းနည်းလွယ်ခြင်းများ ခံစားရတတ်သကဲ့သို့ မိမိနှင့်မိသားစုဝင်များ ဘေးရန်ရောက်မည်ကို လွန်ကဲစွာစိုးရိမ်ပူပန်ခြင်း၊ စိတ်သောကများ၍ စိတ်ဓာတ်ကျခြင်းများ ခံစားရတတ်သည်။ ထို့ပြင် မကြာခဏအထင်အမြင်မှားမှုများကြောင့် မိမိအိမ်တွင်း လူဝင်နေခြင်း၊ သူခိုးဝင်ခြင်းရှိသည်ဟု ထင်မိသည်သာမက မိမိပိုင်ပစ္စည်းများခိုးယူနေသည်၊ မိမိအစားအသောက်များတွင် အဆိပ်ခတ်သည်ဟုလည်း ယူဆတတ်သည်။ မိသားစုဝင်များကို မကြာခဏအပြစ်ရှာဆူပူနေတတ်ပြီး တစ်ခါတစ်ရံ အလွန်အမင်းဒေါသထွက်၍ ပတ်ဝန်းကျင်ရှိလူများကို ကြမ်းတမ်းစွာဆက်ဆံတတ်သည်။ မိမိစိတ်ကိုမထိန်းနိုင်ဘဲ နေအိမ်မှ ခြေဦးတည့်ရာလျှောက်သွား၍ ပြန်ရန်နေရာမမှတ်မိဘဲ ဖြစ်တတ်သည်။

### လုပ်ဆောင်နိုင်စွမ်းရည်နှင့် လူမှုဆက်ဆံရေးအားနည်းလာခြင်း

တချို့သောရောဂါခံစားရသူများတွင် အချိန်ကြာလာသည်နှင့်အမျှ လှုပ်ရှားသွားလာရန်၊ ဟန်ချက်ထိန်းရန်ခက်ခဲလာပြီး ဆီး၊ ဝမ်းမထိန်းနိုင်ဘဲ အလိုအလျောက်ထွက်ကျတတ်သဖြင့် လူအများကြားသွားရန် အဆင်မပြေဖြစ်လာတတ်သည်။ တစ်ကိုယ်ရေတစ်ကာယလုပ်ဆောင်မှုများဖြစ်သော စားသောက်ခြင်း၊ ရေချိုးခြင်း၊ အဝတ်အစားဝတ်ဆင်ခြင်းတို့ကိုပင် မိမိကိုယ်တိုင်မပြုလုပ်နိုင်ဘဲ တခြားကူညီမည့်သူကို မှီခိုလာကြသည်။ ညဘက်တွင် ကောင်းစွာအိပ်မပျော်ဘဲ နေ့၊ ညအိပ်ချိန်လွဲခြင်း၊ အိပ်မက်ဆိုးများမက်ခြင်းကြောင့် လူရောစိတ်ပါ မလန်းဆန်းဖြစ်လာရသည်။ ထိုအချက်များကြောင့်ပင် လူစုလူဝေး အဖွဲ့အစည်းလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်လိုစိတ်နည်းလာပြီး အိမ်တွင်း၌သာ အနေများလာသည်။ ပြုစုစောင့်ရှောက်မည့်သူများအပေါ်တွင် ပို၍မှီခိုအားထားလာကြသည်။

> **"သက်ကြီးသတိမေ့ရောဂါသည် ဦးနှောက်နှင့်အာရုံကြောဆဲလ်များ တဖြည်းဖြည်းပျက်စီးယိုယွင်းလာခြင်းကြောင့် လုပ်ဆောင်နိုင်စွမ်းလျော့နည်းလာကာ တစ်ပါးသူကို မှီခိုအားထားနေရသည့် အသက်အရွယ်ရလာသည်နှင့်အမျှ ခံစားရနိုင်သောရောဂါတစ်ခုဖြစ်သည်။ ၂၀၂၁ ခုနှစ်စာရင်းအရ ကမ္ဘာပေါ်၌ လူဦးရေ ၅၇ သန်းသည် သက်ကြီးသတိမေ့ရောဂါခံစားနေကြရပြီး နှစ်စဉ် လူနာသစ် ၁၀ သန်းခန့်ရှိလာနိုင်ကြောင်း သိရသည်. . ."**

### သက်ကြီးသတိမေ့ရောဂါအမျိုးအစားများ

သက်ကြီးသတိမေ့ရောဂါတွင် ဦးနှောက်အတွင်း ပုံမှန်မဟုတ်သောပရိုတင်းဓာတ်များစုပုံလာမှုကြောင့် အာရုံကြောဆဲလ်များ ပျက်စီးသေဆုံးခြင်းနှင့်အတူ အာရုံကြောကွန်ရက်များ ဆက်သွယ်ဆောင်ရွက်နိုင်မှုအားနည်းလာကြသည်။ သက်ရောက်သည့်ဦးနှောက်၏နေရာကို လိုက်၍လည်းကောင်း၊ စုပုံလာသော ပရိုတင်းအမျိုးအစားပေါ်မူတည်၍လည်းကောင်း၊ ဖြစ်ရသောအကြောင်းရင်းပေါ်မူတည်၍လည်းကောင်း ရောဂါအမျိုးအစားများကွဲပြားကြသည်။ မျိုးရိုးဗီဇပုံမမှန်မှုများကို ဆက်ခံရခြင်းကြောင့်လည်း ဖြစ်ရကြောင်းတွေ့ရသည်။

### Alzheimer's Disease

Dementia လူနာ၏ ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းမှာ အယ်လ်ဇိုင်းမားရောဂါဖြစ်ပြီး မျိုးရိုးဗီဇဆက်ခံမှုနှင့် ဆက်စပ်မှုရှိကြောင်း တွေ့ရသည်။ ပုံမှန်မဟုတ်သောပရိုတင်းများ၊ အမျှင်များ (Amyloid Plaques နှင့် Tau Tangles) ဦးနှောက်အတွင်းစုပုံလာခြင်းကြောင့် အာရုံကြောဆဲလ်များ၏ လုပ်ငန်းဆောင်ရွက်မှုများပျက်စီးကာ အချိန်ကြာလာသည်နှင့်အမျှ အာရုံကြောဆဲလ်များသေဆုံးလာရပြီး ရောဂါလက္ခဏာများခံစားလာရသည်။ အဓိကအားဖြင့် လတ်တလောအဖြစ်အပျက်များနှင့်ပတ်သက်သည့် မှတ်ဉာဏ်လျော့နည်းလာပြီး နောက်ပိုင်းတွင် နေ့စဉ်ဆောင်ရွက်ဖွယ်ကိစ္စများကိုပင် မဆောင်ရွက်နိုင်ဖြစ်လာသည်။

### Vascular Dementia

ဒုတိယအဖြစ်အများဆုံးမေ့လျော့ရောဂါဖြစ်ပြီး ဦးနှောက်အတွင်း သွေးကြောပိတ်၊ သွေးကြောပေါက်ခြင်းကြောင့် လေဖြတ်ရောဂါခံစားရကာ အာရုံကြောဆဲလ်များ၏ လုပ်ဆောင်နိုင်စွမ်းကျဆင်းလာခြင်းကြောင့် ဖြစ်ရသည်။ အထူးသဖြင့် စဉ်းစားတွေးခေါ်မှု၊ စီမံခန့်ခွဲမှု အားနည်းလာပြီး ဟန်ချက်ထိန်းနိုင်မှုနှင့် ပေါင်းစပ်လုပ်ကိုင်နိုင်စွမ်း ကျဆင်းလာကာ စိတ်ကျဝေဒနာပါ တွဲဖက်ခံစားရတတ်သည်။

### Lewy Body Dementia

ထိုသက်ကြီးသတိမေ့ရောဂါသည် ပုံမှန်မဟုတ်သောပရိုတင်းများ (Lewy Bodies) ဦးနှောက်တွင် စုပုံလာမှုကြောင့်ဖြစ်လာရပြီး Parkinson တုံ့တုန်နှေးရောဂါနှင့် တွဲဖက်တွေ့ရှိရသည်။ မေ့လျော့ခြင်းထက် ပြဿနာများဖြေရှင်းရန်၊ စီမံခန့်ခွဲရန်ခက်ခဲပြီး မိမိရောက်ရှိနေသောပတ်ဝန်းကျင်နေရာကို မသိဘဲဖြစ်တတ်သည်။ အာရုံစူးစိုက်မှုနည်းလာကာ ထင်ယောင်ထင်မှားဖြစ်ခြင်း၊ အမြင်မှားခြင်းများ ခံစားရသည့်အပြင် အိပ်စက်ရာတွင် အိပ်မက်ဆိုးများမက်၍ ကယောင်ကတမ်းဖြစ်ခြင်း၊ အိပ်စက်ရန်ခက်ခဲခြင်းများ ခံစားကြရသည်။ ခံစားရသောဝေဒနာများမှာ ကောင်းတစ်လှည့်၊ ဆိုးတစ်လှည့်ဖြင့် ပြောင်းလဲနေတတ်သည်။

### Frontotemporal Dementia

ထိုသတိမေ့ရောဂါအမျိုးအစားသည် အသက် ၆၅ နှစ်အောက်အသက်ပိုင်းတွင်တွေ့ရှိရပြီး ဦးခေါင်းရှေ့နှင့်ဘေးဘက်ရှိ ဦးနှောက်အစိတ်အပိုင်းများကျုံ့လာခြင်းကြောင့် ဖြစ်ရခြင်းဖြစ်သည်။ စိတ်ပိုင်းဆိုင်ရာ ကိုယ်ရည်ကိုယ်သွေးနှင့် အမူအကျင့်များပြောင်းလဲကာ သူတစ်ပါးကို စာနာနားလည်လိုစိတ်နည်းလာကြသည်။ မိမိကိုယ်ကိုမထိန်းချုပ်နိုင်ဘဲ ပတ်ဝန်းကျင်မှလူများကို ပြစ်တင်ပြောဆိုတတ်သည်။ သူတစ်ပါးပြောစကားများကို နားလည်ရန်ခက်ခဲပြီး ပြောဆိုရန်စကားလုံးရှာရခက်သည့်အပြင် အစားအသောက်အကြိုက်ပုံစံ၊ အနေအထိုင်၊ အပြုအမူများပါ ပြောင်းလဲလာတတ်သည်။

### Mixed Dementia

အယ်လ်ဇိုင်းမားနှင့် ဦးနှောက်တွင်းသွေးဖြန့်ဝေမှုနည်းသောကြောင့် ဖြစ်ရသောသတိမေ့ရောဂါများသည် တစ်ခါတစ်ရံတွဲဖက်တွေ့ရတတ်ပြီး ရောဂါလက္ခဏာများမှာ ပို၍သိသာဆိုးရွားတတ်သည်။ Parkinson တုံ့တုန်နှေးရောဂါကိုယ်တိုင်ကပင် အချိန်ကြာလာသည်နှင့်အမျှ သက်ကြီးသတိမေ့ရောဂါလက္ခဏာများ ပေါ်ပေါက်လာတတ်သကဲ့သို့ တခြားသောဦးနှောက်အာရုံကြောများသည်လည်း မေ့လျော့ရောဂါလက္ခဏာများခံစားရနိုင်သည်။

သက်ကြီးသတိမေ့ရောဂါခံစားနေရသောသူများသည် ရောဂါအစတွင် သတိမေ့လွယ်ပြီး စိတ်ခံစားမှုများ ပြောင်းလဲလာတတ်သော်လည်း ရောဂါခံစားရမှုကြာလာသည်နှင့်အမျှ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း၊ ပြောဆိုဆက်သွယ်နိုင်စွမ်းအားနည်းလာပြီး အမူအကျင့်များပါ ပြောင်းလဲလာသည့်အပြင် တစ်ကိုယ်ရေတစ်ကာယ နိစ္စဓူဝကိစ္စများ မဆောင်ရွက်နိုင်ဖြစ်လာသည်။ အစာဝါးခြင်း၊ မျိုချခြင်းတို့ ခက်ခဲလာသဖြင့် အာဟာရချို့တဲ့ခြင်း၊ အလွယ်တကူသီး၍အဆုတ်ရောင်ခြင်း၊ ဟန်ချက်မထိန်းနိုင်သဖြင့် အလွယ်တကူကျိုးပဲ့ဒဏ်ရာရခြင်းတို့ကြောင့် အသက်ဆုံးရှုံးသည်အထိ ဖြစ်လာနိုင်သည်။

သက်ကြီးသတိမေ့ရောဂါလက္ခဏာများကို သိမြင်ခြင်းဖြင့် မိမိပတ်ဝန်းကျင်မှ ဝေဒနာရှင်လူနာများကို စာနာနားလည်သည်းခံနိုင်ပြီး လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများကို အချိန်နှင့်တစ်ပြေးညီ ကူညီပေးနိုင်စေရန် ရည်ရွယ်ရေးသားလိုက်ရပါသည်။

---

# ဟင်္သာတမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများအား သွင်းအားစုများပေးအပ်

ဟင်္သာတ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ် ကုန်းကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးနှင့် နတ်မော်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့၌ ဇူလိုင်လ ၂၅ ရက်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် Si Pwar Trading Co., Ltd.မှ ဒေသခံတောင်သူများအား သွင်းအားစုများ ပေးအပ်ပွဲကျင်းပသည်။

ရှေးဦးစွာ ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမျိုးမြင့်က သွင်းအားစုဖြန့်ဖြူးပေးအပ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။ ထို့နောက် ဟင်္သာတခရိုင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းဦးက ဟင်္သာတမြို့နယ်အတွင်း စိုက်ပျိုးမြေကေများအလိုက် စိုက်ပျိုးပြီးစီးမှုကို ရှင်းလင်းပြောကြားကာ Si Pwar Trading Co.,Ltd. မှ တာဝန်ခံ နော်ခူးစေးက ယူရီးယားနှင့်ကွန်ပေါင်းဓာတ်မြေဩဇာများအား ဒေသခံတောင်သူများထံ ဖြန့်ဖြူးပေးအပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်းနှင့်တာဝန်ရှိသူများက ဒေသခံတောင်သူများထံ ဓာတ်မြေဩဇာများပေးအပ်ကြောင်း သိရသည်။

အဆိုပါ သွင်းအားစုပေးအပ်ပွဲသို့ ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ အတွင်းရေးမှူး ဦးမျိုးမြင့်နှင့်အဖွဲ့ဝင်များ၊ ဟင်္သာတမြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်း၊ အတွင်းရေးမှူး ဦးစောဝင်းရွှေနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုမ္ပဏီတာဝန်ခံ နော်ခူးစေးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြကြောင်း သိရသည်။

ချမ်းမြေ့

# မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်း အခမ်းအနားကျင်းပ



**မုဒုံ ဇူလိုင် ၂၆**

မွန်ပြည်နယ် မုဒုံမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ရှင်အရဟံခန်းမ၌ မြန်မာအီလက်ထရောနစ် မဲပေးစက်(MEVM) လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်း အခမ်းအနားကို ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးစောကြည်နိုင်က မဲပေးစက်ကို အသုံးပြုခြင်းဖြင့် ပယ်မဲမရှိခြင်း၊ မဲပေးရလွယ်ကူခြင်း၊ မဲရလဒ်များမြန်မြန်ဆန်ဆန် သိရှိနိုင်ခြင်း စသည့်အကျိုးရလဒ်များကို ရရှိမည်ဖြစ်ကြောင်းနှင့် နည်းပညာများတိုးတက်လာသောခေတ်နှင့်အညီ မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲများတွင်လည်း အကျိုးကျေးဇူးများသည့် အီလက်ထရောနစ်မဲပေးစက်များဖြင့် လွတ်လပ်၍တရားမျှတသော၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြီးမားသည့်အထောက်အကူဖြစ်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ပြည်နယ်ရွေးကောက်ပွဲအရာရှိ ဦးဟိဏ်းလင်းထက်က မဲပေးစက်အသုံးပြုခြင်းနှင့်စပ်လျဉ်း၍ အကြောင်းအရာများ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက လက်တွေ့စမ်းသပ်မဲပေးခြင်းနှင့် သိရှိလိုသည်များကို မေးမြန်းကြကြောင်း သိရသည်။ (၄၀၆)

# သာယာဝတီမြို့နယ်၌ စက်ချုပ်သင်တန်း(မွမ်းမံ)ဆင်း

**သာယာဝတီ ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန သာယာဝတီခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ သာယာဝတီမြို့နယ် လက်ပံတုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့် ခေတ်မီစံပြကျေးရွာများရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်သည့် စက်ချုပ်သင်တန်း(မွမ်းမံ) ဆင်းပွဲအခမ်းအနားကို ဇူလိုင်လ ၂၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သာယာဝတီခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးညွှန့်ဇော်က သင်တန်းဆင်းအမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ဦးစီးမှူးက ဝင်ငွေတိုးစီမံကိန်းလုပ်ငန်းဖြင့် ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို ပြောကြားသည်။

ထို့နောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သာယာဝတီမြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံနှင့် လက်ပံတုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးတို့က သင်တန်းမှထွက်ရှိသော ကုန်ချောပစ္စည်းများအား သင်တန်းသူများထံပေးအပ်သည်။

အဆိုပါ စက်ချုပ်သင်တန်း(မွမ်းမံ)သို့ သင်တန်းသူ ၁၅ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင်လ ၁၁ ရက်မှ ၂၅ ရက်အထိ ၁၅ ရက်ကြာ သင်ကြားပေးခဲ့ခြင်းဖြစ်ကာ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရွေးချယ်ထားသည့် လုပ်ငန်းထူထောင်မည့်သူငါးဦးအား ဌာနမှ တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့် ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများကို ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

(၄၁၀)

# ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးဆိုင်ရာပညာပေးဟောပြောပွဲကျင်းပ

**လှိုင်ကော် ဇူလိုင် ၂၆**

ကယားပြည်နယ် လှိုင်ကော်မြို့ ထေးသမရပ်ကွက်ရှိ လှိုင်ကော်ပညာရေးဒီဂရီကောလိပ် ကယားသဇင်ခန်းမဆောင်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင်လ ၂၅ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ လှိုင်ကော်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစည်သူက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများ၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် သိကောင်းစရာများကို ဟောပြောသည်။

ထို့နောက် လှိုင်ကော်ပြည်သူ့ဆေးရုံကြီး သားဖွားမီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာလွင်မင်းထွဋ်က မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ ပြည်နယ်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဦးစီးဌာန လက်ထောက် ဦးဝင်းအောင်က သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ ကာကွယ်ရမည့်အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးဟောပြောကြသည်။



ဆက်လက်၍ လှိုင်ကော်ပညာရေးဒီဂရီကောလိပ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးဝန်ထမ်းများက ဆေးမထိုးမီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးအခြေအနေစစ်ဆေးပေးခြင်းများဆောင်ရွက်ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးကြောင်း သိရသည်။ (၄၀၅)

## အိမ်ပြန်လမ်းက ပန်းမွှေ့ရာ

❖ သူ့ကိုကြင်နာ၊ ကရုဏာနှင့်
မေတ္တာတရား၊ အပြည့်ပွား၍
ထောက်ထားငဲ့ညှာ၊ သည်းခံပါလည်း
လော်မာရောင့်တက်၊ အကြမ်းဖက်သည့်
အဖျက်သမား၊ လူရမ်းကားတို့
တရားဥပဒေ၊ ကျောခိုင်းနေသည်
ရေလိုက်လွဲမှား ငါးသို့တည်း။

❖ ရေလိုက်လွဲ၍
ဝဲစလုတ်တွင်၊ ဇောက်ထိုးဝင်ကာ
ထင်ရာဒုန်းစိုင်း၊ အပြုရိုင်းသည်
မှိုင်းမိနေကြ သူများတည်း။

❖ မှိုင်းမိသည့်ဝန်၊ မှိုင်းမိန့်၌
ကျွံမိနစ်မြုပ်၊ ရုပ်သေးရုပ်သို့
ကြိုးလှုပ်တိုင်းသာ၊ ကနေပါမူ
လိုရာကြိုးဆွဲ၊ ကြားငနဲကြောင့်
လမ်းလွဲပေါ်ရောက် ငါးပါးမှောက်လိမ့်။

❖ မှိုင်းမိသည့်ဒဏ်၊ ဆက်မခံနှင့်
အမှန်တရား၊ သိဉာဏ်ပွားကာ
စဉ်းစားဆင်ခြင်၊ သတိယှဉ်လော့။
မြော်မြင်ရှေ့ရေး၊ ရေရှည်တွေးပြီး
နွေးသည့်ရင်ခွင်၊ ကြင်သည့်ရွှေလက်
ဆီးကြိုလျက်မို့
သွက်သွက်လျင်လျင်၊ အမှားပြင်၍
အမြင်မှန်ရ၊ သံဝေဂနှင့်
မိဘရပ်ထံ ပြန်ခဲ့ပါ။
မိဘတွေက မျှော်နေရှာ။
အိမ်ပြန်လမ်းက ပန်းမွှေ့ရာ။ ။

**ရေနံ့သာမောင်ကျော်ညွန့်**

**မြဝတီရုပ်မြင်သံကြားအစီအစဉ်** ၂၇-၇-၂၀၂၅(တနင်္ဂနွေနေ့)

| | |
|---|---|
| ၁။ ၀၆:၀၃ တရားတော် | ၆။ ၁၃:၀၀ အိုဘယ့်သခင် တေးနုယဉ် |
| ၂။ ၀၈:၀၀ မောင်မယ်လေးများ သိစေချင် | ၇။ ၁၄:၀၀ Music Gallery |
| ၃။ ၀၉:၀၀ အမှတ်တရ နေ့ရက်များ | ၈။ ၁၇:၀၀ သုတရသစုံလင် ဗဟုသုတပုံပြင် |
| ၄။ ၁၁:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား | ၉။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ |
| ၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု | ၁၀။ ၁၉:၀၀ **CGTN Nature အပိုင်း(၆)** |

MWD Variety Channel ၂၇-၇-၂၀၂၅ (တနင်္ဂနွေနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၁၈ | မှတ်သားလေ့လာ အိမ်တွင်းမှုပညာ |
| ၂။ | ၁၀:၂၈ | ရောင်စုံပျံ့သင်းစာပန်းခင်း |
| ၃။ | ၁၄:၁၄ | တစ်ပတ်အတွင်းထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၄။ | ၁၆:၁၅ | သုတေသနမှသည် . . . သမိုင်းမှတ်တိုင်ဆီသို့ |
| ၅။ | ၁၇:၃၉ | ရွှေသွေးတို့ပျော်စရာ ပုံပြင်ကမ္ဘာ |

## နိပါတ်တော်လာ သိမှတ်စရာ

# မြင်းအာဇာနည်(ဘောဇာဇာနိယဇာတ်)



မြတ်ဗုဒ္ဓက ဓွဲ၊ လုံ့လလျော့ပါးသောရဟန်းကို ခေါ်တော်မူ၍ "ချစ်သားရဟန်း၊ ရှေးအခါက ပညာရှိတို့သည် မြားဒဏ်သင့်ခြင်းခံရသော်လည်း ဓွဲ၊ လုံ့လ၊ ဝီရိယအရာ၌ မလျော့ကြကုန်"ဟု မိန့်တော်မူ၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းကြီးထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဘောဇာဇာနိယသိန္ဓောမြင်းမျိုး၌ ဖြစ်၍နေ၏။

တစ်နေ့သောအခါ ခုနစ်ပြည်ထောင်မင်းတို့သည် ဗာရာဏသီပြည်ကိုပိတ်ဆို့ထားပြီးလျှင် "ငါတို့အား ထီးနန်းစည်းစိမ်ကိုအပ်မည်လော သို့တည်းမဟုတ် စစ်မက်ဖက်ပြိုင်ခြင်းကို ပြုမည်လော" ဟု ရာဇသံပေးကာ ချီတက်လာကြ၏။

မင်းကြီးသည် အမတ်များ၏အကြံပြုချက်အရ မြင်းစီးသူရဲကောင်းတစ်ယောက်ကို ထိုးဖောက်တိုက်ခိုက်ရန်တာဝန်ပေးအပ်ပြီး မြင်းစီးသူရဲက ဘောဇာဇာနိယမြင်းကိုအသုံးပြုလိုကြောင်း တောင်းခံရာ ခွင့်ပြုလေ၏။

မြင်းစီးသူရဲသည် ဘောဇာဇာနိယမြင်းကိုစီးပြီး ရန်သူများကိုတိုက်ခိုက်ရာ ပထမဗိုလ်ထုကို ပြိုကွဲစေ၍ မင်းတစ်ပါးကိုလက်ရဖမ်းယူလာ၏။ နောက်တစ်ကြိမ်ထပ်မံတိုက်ခိုက်ရာ ဒုတိယဗိုလ်ထုတပ်ပျက်သွားပြီး ဒုတိယမြောက်မင်းကို အရှင်ဖမ်းယူလာပြန်၏။ ဆက်လက်၍ တတိယမြောက်၊ စတုတ္ထမြောက်၊ ပဉ္စမမြောက်မင်းတို့ကိုလည်း လက်ရဖမ်းယူပြန်၏။

ဆဋ္ဌမမြောက်ဗိုလ်ထုကို ထိုးဖောက်၍ ဆဋ္ဌမမြောက်မင်းကို ဖမ်းယူရာတွင် ဘောဇာဇာနိယသိန္ဓောမြင်း၌ မြားဒဏ်ပြင်းစွာရရှိသွား၏။ ထို့ကြောင့် မြင်းစီးသူရဲက ဘောဇာဇာနိယမြင်းမှ ချပ်ဝတ်တန်ဆာများကိုဖြုတ်ကာ အခြားမြင်း၌ဆင်၍ ဆက်လက်တိုက်ခိုက်ရန်ပြင်၏။ ဤတွင် မြားဒဏ်သင့်နေသော ဘောဇာဇာနိယသိန္ဓောမြင်းက "အချင်းမြင်းစီးသူရဲ၊ သတ္တမမြောက်မင်းကိုဖမ်းယူရန် ငါသာစွမ်းဆောင်နိုင်သည်။ ငါ့အား ချပ်ဝတ်တန်ဆာပြန်ဝတ်ပေးလော့" ဟု ဆို၏။

ထို့ကြောင့် မြင်းစီးသူရဲလည်း ဘောဇာဇာနိယကိုပင်စီးကာ သတ္တမမြောက်ဗိုလ်ထုကို ထိုးဖောက်၍ ကျန်ရှိနေသောမင်းတစ်ပါးကိုလက်ရယူဆောင်လာ၏။

မင်းကြီးသည် ဘောဇာဇာနိယမြင်း မြားဒဏ်သင့်သည့်သတင်းကိုကြားသိ၍ လာရောက်ကြည့်ရှုလေ၏။ ထိုစဉ် ဘောဇာဇာနိယက "အရှင်မင်းကြီး၊ ခုနစ်ပြည်ထောင်မင်းတို့၏အသက်ကို မသတ်ပါနှင့်။ သစ္စာရေတိုက်၍ လွှတ်တော်မူပါ"ဟု တောင်းပန်လေ၏။ ထို့နောက် ဘောဇာဇာနိယကိုယ်မှ ချပ်ဝတ်တန်ဆာများကို ဖြုတ်လိုက်ရာ ခဏအတွင်းမှာပင် အသက်ကုန်ခြင်းသို့ ရောက်ရှာလေ၏။

ဇာတ်ပေါင်းသော် ဗြဟ္မဒတ်မင်းသည် အရှင်အာနန္ဒာ၊ မြင်းစီးသူရဲသည် အရှင်သာရိပုတ္တရာ၊ ဘောဇာဇာနိယသိန္ဓောမြင်းသည် ဗုဒ္ဓဖြစ်လေ၏။

နိပါတ်တော်လာသိမှတ်စရာအနေဖြင့် အာဇာနည်တို့မည်သည် မိမိထမ်းဆောင်ရမည့် တာဝန်ဝတ္တရားတို့ကို မိမိအသက်ထက်ပင် ပို၍ တန်ဖိုးထားတတ်ကြသည့်နည်းတူ ယနေ့မျက်မှောက်ခေတ်၌လည်း မိမိနိုင်ငံနှင့်လူမျိုးအကျိုးအတွက် အရေးကြုံလျှင် သက်လုံကောင်း၍ အာဇာနည်တို့၏ထုံး နှလုံးမူကာ မှတ်သားလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါ၏။ ။

**သုတကြွယ်**



## ကိုယ်ဆိုး ကိုယ်ခံ

"ဟေ့ နီတောက်တဲ့ကွ၊ ဘယ်သူ့မှ ဂရုမစိုက်ဘူး၊ အေး.. ကိုယ်နဲ့မဆိုင်ဘဲ ဝင်ရှုပ်ရင်လည်း ဘယ်သူ့မှ သည်းခံမှာမဟုတ်ဘူးနော်။ ကိုယ်ဆိုးကိုယ်ခံတဲ့ကောင်ကွ"

နီတောက်ဆိုသူက ပုဆိုးဟောင်းနဲ့ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ကို ခေါင်းပေါ်ရွက်ပြီး သူ့အိမ်ထဲကနေ အော်ဟစ် ရန်လုပ်ထွက်သွားတော့ မျက်နှာချင်းဆိုင်အိမ်မှာ အလည်ရောက်နေတဲ့ တစ်ရွာသားက အိမ်ရှင်ကိုမေးတယ်။

"နေစမ်းပါဦးဗျ၊ ဒီလူက ကိုယ်ဆိုးကိုယ်ခံတယ်ဆိုတော့ ဘယ်လိုတွေများ ဆိုးခဲ့လို့တုံး"

"အလကားပါဗျာ၊ သူ့အမေ မရှိတုန်း အရက်နဲ့ လဲသောက်ဖို့ အိမ်ကဆန်ကို ခိုးနေတာပါ၊ အဲ့ဒါ . . အိမ်နီးချင်းတွေက ပြန်မတိုင်ရဲအောင် ကြိမ်းနေတာလေ၊ ကိုယ့်ဆိုး ကိုယ်ခံဆိုတာ ကိုယ့်ဆန် ကိုယ်ခိုးလို့ပြောတာဗျို့"။

**ဖိုးစလုံး**

## လူငယ်နှင့်အောင်မြင်ရေး

# အလင်းစိတ်

**ပီမိုးနင်း**

တစ်ပါးသူကို ပျော်အောင်လုပ်သူတို့သည် ရှေးဦးပထမ မိမိတို့ကိုယ်တိုင် ပျော်ကြ၏။ မိမိကိုယ်ကိုပျော်အောင်လုပ်ခြင်း၌ အဘယ်ပြောဖွယ်ရာ ရှိအံ့နည်း။ ပျက်စီးမှောင်ကျခြင်း၏အကြား၌ ပျော်သောစိတ်သည် ထိုပျက်စီးသော အမှောင်ထဲမှထွက်ရန် လမ်းကိုမြင်စေ၏။ ပျက်စီးမှောင်ကျခြင်း၌ ညစ်နွမ်းသောစိတ်သည် ထွက်ပေါက်ကို မပြရုံမက အမှောင်ကိုတိုး၍ ထူထဲစေလျက် ဘေးအန္တရာယ်ကိုပင် တိုက်မိတိုးမိစေလိမ့်မည်။ လိမ္မာသောဆေးဆရာသည် ပြုံးလျက်ဆေးကု၏။ ဆေးဆရာတစ်ချက်ပြုံးခြင်းသည် ဆေးအခါများစွာတိုက်ခြင်းထက် ပိုမို၍ သတ္တိကောင်းနိုင်လေသည်။ စိတ်ညစ်စကား ညည်းတွားငြိုငြင် အမြဲအပူဝင်သူတို့၏စကားကို နားမထောင်နှင့်၊ ၎င်းလူမျိုးကို အမြဲရှောင်ရမည်။ အကြောင်းမူကား ၎င်းတို့၏အပျက်စိတ်ဓာတ်သည် ရောဂါဆိုးပမာ ကူးစက်လေသည်။ လူတစ်စုမှာ ကြီးစွာအခက်အခဲနှင့် တွေ့၍နေသည့်အခါ တစ်ယောက်ယောက်က ဒေါမာန်ပါပါနှင့်ထကာ အားတက်ဖွယ်ရာအမူအရာနှင့် စ၍လုပ်လျက် အားလုံးစိတ်အားတက်ကြွကာ အခက်ကိုတစ်ရှိန်တည်း အောင်မြင်တတ်လေသည်။ ရယ်မောဆူညံကစားသောကလေးများအား ခြိမ်းခြောက်ခြင်း မပြုအပ်၊ ကလေးများအတွက် ၎င်းတို့၏ရယ်မောခြင်းသည် အကောင်းဆုံး သူငယ်နာဆေးဖြစ်လေသည်။

စိတ်ညစ်စရာတို့ကို ပြောခြင်း၊ ညည်းတွားခြင်းသည်ကား စိတ်အားသတ္တိကိုလောင်းသွန်၍ပစ်ခြင်းနှင့် တူလေသည်။ အလုပ်ကို အချိန်နှင့်လုပ်၍ စိတ်ကိုအလုပ်၌သာထားလေ၊ အလုပ်ကြောင့် စိတ်မှာ ဝန်မလေးစေရ၊ အလုပ်စိတ်ကြောင့် အမြဲဝန်လေးနေသူမှာ အလုပ်၌ စိတ်အား၊ ဉာဏ်အားတုံးတတ်လေသည်။ အလုပ်မှအိမ်သို့ပြန်သည့်အခါ ရေမှတက်သောခွေးနှင့်ပမာ အလုပ်တည်းဟူသော စွတ်စိုခြင်းကို တစ်စက်တစ်ပေါက် မပါရအောင် လှုပ်ခါ၍ချခဲ့ရမည်။

သို့မှသာ နောက်တစ်နေ့ အလုပ်ဝင်သောအခါ အလုပ်ဉာဏ်သစ်လွင်လတ်ဆတ်နိုင်လေသည်။ တွေးအား၊ ကြံအားကြီးလျက် ဝေဖန်တတ်လေသည်။ ပြုံးရွှင်သောမျက်နှာနှင့် ကြင်နာသောစကားသည် သင်္ဘောကိုဆိပ်ကမ်းသို့ပို့သော လေနှင့်တူ၏။ မသာမကြည် မှိုင်တွေခြင်းသည် သင်္ဘောကိုဖျက်မည့် မုန်တိုင်း၏နိမိတ်ကိုဆောင်လေသည်။ အလုပ်ကို ကစားသလို လုပ်ရမည်။ သို့သော်လည်း တကယ်ကစားခြင်း၊ ချန်ပီယံရအောင် ကစားခြင်းဖြစ်စေရမည်။ ဤကမ္ဘာမြေကြီးသည် ရတနာတိုက်ကြီးဖြစ်၏။ မိုးဦးကျအခါ မှိုနုတ်ရန် သွားသူများကဲ့သို့ အလုပ်သို့ ပျော်ရွှင်စွာ သွားရမည်။

ဈေးကွက်ခေါ်သူ သူဌေးကြီးတစ်ဦးသည် အကြိမ်ကြိမ် မီလျှံနာ သူဌေးကြီးဖြစ်၍ အကြိမ်ကြိမ်မွဲခဲ့၏။ အသက်ငါးဆယ်မှာ အကြီးအကျယ်တစ်ပြားမကျန်မွဲပြီးနောက် တစ်ဖန်ပြန်၍ မီလျှံနာဖြစ်ခဲ့သည်မှာ ပျက်စီးခြင်းကြောင့် ဝမ်းမနည်း၊ အသစ်ထူထောင်ရန် ကြီးလေးသောဝန်ကို မကြောက်၊ အပြုံးအရယ် မပျက်သောကြောင့် ဖြစ်လေသည်။ ၎င်း၏စိတ်မှာ စိတ်ပျက်ခြင်း၏အမှောင်ထုမရှိ၊ အမြဲအားဖြင့် မျှော်လင့်ခြင်းရောင်ခြည်ဖြင့် လင်း၍နေသည်ဟု ၎င်းကိုယ်တိုင်ပြောဖူးလေသည်။ မိုးအုံ့သောရာသီများ၌ မိမိကိုယ်ကိုသတ်သူ၊ ရာဇဝတ်မှုကျူးလွန်သူ ပိုမို၍များကြောင်း စကော့တလန်ယတ်ပုလိပ်အရာရှိကြီးတစ်ယောက် ပြောဖူး၏။ စိတ်တည်းဟူသော မိုးအုံ့သည်မှာ အဘယ်ပုံဖြစ်ပါမည်နည်း။ လင်ကွန်းသည် မိမိ၏စားပွဲထောင့်၌ နောက်ဆုံးပေါ် ရယ်ရွှင်ဖွယ် စာအုပ်တစ်အုပ်ကိုအမြဲထား၏။ ထိုစာအုပ်သည် စိတ်၏အားဆေး"တော်နစ်" ဖြစ်လေသည်။

လောင်းကျသောသစ်ပင်တို့မှာ လှိုကင်းကြသလို လောင်းကျသောစိတ်သည် လှိုကင်းသိမ်ဖျင်းလျက် အရည်အချင်းသတ္တိရှိသင့်သလောက် မရှိနိုင်ချေ။

လူတစ်ယောက်က မိတ်ဆွေတစ်ယောက်အား မင်းတို့အရပ်မှာ ဥတုရာသီဘယ်လိုရှိသလဲဟုမေးရာ မိတ်ဆွေက အင်မတန်ကောင်းသည်ဟု ပြန်၍ပြော၏။ မေးသူက ဘယ်လိုကောင်းသလဲဟု ထပ်၍မေးရာတွင် မိတ်ဆွေက ရရှိတဲ့ဥတုထက် ပိုမို၍ကောင်းသောဥတုကို အဘယ်သူမျှဖြစ်အောင် မလုပ်နိုင်သောကြောင့်ဟု ပြန်၍ပြောလေသည်။

မိုးကို စိတ်မဆိုးနှင့်၊ နေကို စိတ်မဆိုးနှင့်၊ ရသမျှကောင်းသည်ဟု သဘောထားပြီး အကောင်းကိုရအောင်ကြိုးစားရမည်။

"မိုးတိမ်ဟူသမျှ၌ ငွေရောင်အဆင်းမကင်း"ဟူသော အင်္ဂလိပ်စကားရှိ၏။ အဘယ်မျှပင် ကံကြမ္မာဆိုးစေကာမူ မျှော်လင့်ခြင်း၏အလင်းရောင်ရှိနိုင်၏။ အဆိုးဟူသမျှ၌ အကောင်းကလေးတွေကို တွေ့ရှိနိုင်လေသည်။

စစ်သားများ စစ်ချီကြသောအခါ အဘယ်အတွက် ဘင်ကိုတီးရသနည်း။ ဥတုသုံးပါးတွင် နွေဥတုသည် အသာယာဆုံးဖြစ်သည်ကား အလင်းရောင်၏ တန်ခိုးပေတည်း။ ရွှေ၊ ငွေ၊ စိန်၊ ကျောက်တို့မှာ အလင်းရောင်ကြောင့် အဖိုးတန်ကြ၏။ အလင်းသည် အပူနှင့် သဘာဝတူ၏။ အပူဓာတ်သည် အသက်ဓာတ်ဖြစ်၏။ လျှပ်စစ်ဓာတ်ဖြစ်လေရာ လောကဓာတ်တစ်ခုလုံးမှာ လျှပ်စစ်ဓာတ်နှင့် ကျောက်မီးသွေး၊ ရေနံ၊ အပူဓာတ်တို့ကြောင့် ယခုလောက် ကြီးကျယ်လျက် မိုးကိုပင်ပျံ၍ နေကြလေသည်။

သို့ဖြစ်၍ အပူအလင်းနှင့် သဘာဝတူသော စိတ်နှလုံးရွှင်ပျခြင်းသည် ကြီးပွားအောင်မြင်ခြင်း၌ အကြီးဆုံးသော လက်နက်ဖြစ်သည်ဟူ၍ နှလုံးသွင်းအပ်ပေသတည်း။ ။

**(ဆရာကြီးပီမိုးနင်း၏"စိတ်တန်ခိုး" စာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)**

# နမ့်စန်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား/အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲပြုလုပ်




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ဆုရရှိသူများအား ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ အခြေခံပညာကျောင်းပေါင်းစုံ အသက်၁၈ နှစ်အောက်အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နမ့်စန်မြို့နယ်၊ ကျောက်တိုင်အားကစားကွင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား/ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲတွင် အမျိုးသားဗိုလ်လုပွဲစဉ်အဖြစ် အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်)အသင်းနှင့် ပန်းပျိုးရတနာမြေ ကိုယ်ပိုင်အထက်တန်းကျောင်းအသင်းတို့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်းအကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသော အခြေခံပညာအထက်တန်းကျောင်း(နမ့်စန်) (အမျိုးသား)အသင်းနှင့် အခြေခံပညာအထက်တန်းကျောင်းခွဲ (လွိုင်ငင်းကြီး) (အမျိုးသမီး)အသင်းတို့အား ဒိုင်းဆု၊ ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ အခြေခံပညာကျောင်းပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား/ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အမျိုးသားအသင်းတွင်ပြိုင်ပွဲဝင်အသင်း ၁၆ သင်းနှင့် အမျိုးသမီးအသင်းတွင် ပြိုင်ပွဲဝင်အသင်း ၆ သင်းတို့ဖြင့် ဇူလိုင်လ ၁၁ ရက်နေ့မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မှော်ဘီမြို့နယ်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၂၆**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရေကျော်ကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိရေကျော်ကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၇ ပါးနှင့် ဒေသခံပြည်သူ ၁၆၉ ဦးတို့ကို အရိုးရောဂါ၊ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို မှော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅°C | / | ၃၁°C |
| ရန်ကုန် | ၂၆°C | / | ၃၂°C |
| မန္တလေး | ၂၇°C | / | ၃၄°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နောင်ချိုမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်တက်ရောက်ခြင်းနှင့် ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



တပ်မတော်မှဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။



နောင်ချိုမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပြီး ပညာသင်ကြားနိုင်ရေးအတွက် ကျောင်းအပ်လက်ခံခြင်းကို ဇူလိုင်လ ၂၂ ရက်မှ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နောင်ချိုမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစတင်ဖွင့်လှစ်နိုင်ခဲ့ရာ ကျောင်းသား၊ ကျောင်းသူ ၈၅၇ ဦး စတင်တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်းသိရှိရသည်။ ထိုသို့ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ၊ သန့်ရှင်းသပ်ရပ်စွာနှင့် လုံခြုံစွာပညာသင်ကြားနိုင်ရေးအတွက် တပ်မတော်သားများက လိုအပ်သည့် မိုင်းရှင်းလင်းရေး၊ လုံခြုံရေးနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားခဲ့ခြင်းဖြစ်သည်။



ဌာနဆိုင်ရာ ဝန်ထမ်းများက ဆေးရုံ ပတ်ဝန်းကျင်ရှိ ချုံနွယ် ပေါင်းမြက်များအား ခုတ်ထွင် ရှင်းလင်းပေးစဉ်။

ထို့ပြင် တပ်မတော်မှဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင်မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၁၄၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးကြသည်။

၎င်းအပြင် နောင်ချိုမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံကြီး အချိန်မီပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက ဆေးရုံပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများတူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်ပင်သစ်တောများကို ဝိုင်းဝန်းထိန်းသိမ်း

**ဆုလတ်မေ**

သဘာဝပတ်ဝန်းကျင်တွင်သစ်ပင်သစ်တောတို့သည် လူသားတို့အတွက် စိတ်ကြည်လင်မှုရရှိစေနိုင်သော အလှတရားများဖြစ်သည်။ သစ်ပင်သစ်တောများထံမှ စိမ်းလန်းသောအလှတရားကို ခံစားနိုင်သကဲ့သို့ အေးမြသောအရိပ်ကိုလည်း ရရှိစေနိုင်သည်။ သစ်ပင်သစ်တောများသည် ကမ္ဘာပေါ်တွင်ရှိသည့် သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် အလွန်အရေးပါပြီး သက်ရှိများရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးလျက်ရှိသည်။ ထို့အတူ ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုလည်း လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးနိုင်သည်။ ဤအချက်ကိုကြည့်ခြင်းအားဖြင့်ပင် သစ်ပင်သစ်တောများသည် လူသားတို့အတွက် မည်မျှအရေးပါသည်ကို သိသင့်ပေသည်။

သစ်ပင်သစ်တောများ တည်ရှိခြင်းကြောင့် မိုးရွာသွန်းမှုကို အချိန်မှန်မှန်ဖြစ်ပေါ်စေသည်။ သစ်ပင်သစ်တောများသည် မိုးရေကိုစုပ်ယူထိန်းသိမ်းထားပြီး မြေအောက်မှတစ်ဖန် လျှိုမြောင်များအကြား စိမ့်စမ်းရေများအဖြစ် ပြန်လည်ထွက်ရှိစေကာ သဘာဝပတ်ဝန်းကျင်ကိုအကျိုးပြုပေးလျက်ရှိသည်။ သစ်ပင်သစ်တောများက လေဒဏ်မိုးဒဏ်ကိုအကာအကွယ်ပေးသည့်အပြင် သစ်မြစ်များက မြေဆီလွှာကို ကုပ်တွယ်ထားသောကြောင့် မြေဆီလွှာဆုံးရှုံးပျက်စီးမှု မြေပြိုမှုများကိုလည်းထိန်းသိမ်းပေးသည်။ ဤသို့ဖြင့် သစ်ပင်သစ်တောတို့သည် လူသားများအတွက် သာမက တိရစ္ဆာန်နှင့်သဘာဝပတ်ဝန်းကျင်မြေဆီလွှာ၊ ရာသီဥတု၊ လေမုန်တိုင်း၊ သဘာဝဘေးအန္တရာယ်များကိုလည်း နည်းမျိုးစုံဖြင့် ကာကွယ်ပေးနေသဖြင့် သစ်ပင်သစ်တောများကို ချစ်ခင်သင့်ပေသည်။

ကမ္ဘာမြေပေါ်တွင်သစ်ပင်သစ်တောများ ယုတ်လျော့ပျက်စီးပြုန်းတီးလာခြင်းသည် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုအတွက် အဓိကတွန်းအားပေးနေသည့် အကြောင်းရင်းတစ်ရပ်ပင်ဖြစ်သည်။“ဥတုရာသီတောကိုမှီ၏”ဆိုသည့်ဆောင်ပုဒ်အတိုင်း ရာသီဥတုဖောက်ပြန်မှုကိုဟန့်တားရာတွင်လည်း သစ်ပင်သစ်တောများသည် အဓိကကျသောအခန်းကဏ္ဍမှပါဝင်နေသည်။ ယနေ့ကမ္ဘာတစ်ဝန်း ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများမှာလည်း ရာသီဥတုပြောင်းလဲဖောက်ပြန်ခြင်း၊ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်း၊ သစ်တောပြုန်းတီးပျက်စီးခြင်းနှင့် ဇီဝမျိုးစုံမျိုးကွဲများဆုံးရှုံးခြင်းတို့ပင်ဖြစ်သည်။ “အရင်းစစ်တော့အမြစ်မြေက”ဆိုသလို ခေတ်မီသိပ္ပံနှင့်စက်မှုပညာများတိုးတက်ထွန်းကားလာမှုနှင့်အတူ သစ်ပင်သစ်တောများကို ကုန်ကြမ်းများအဖြစ် ထုတ်ယူအသုံးပြုလာကြခြင်းကြောင့် သစ်တောများပြုန်းတီးကာ အဘက်ဘက်မှဆိုးကျိုးများဖြစ်ပေါ်လာရခြင်းဖြစ်သည်။ သစ်ပင်များကို စည်းကမ်းမဲ့ ခုတ်လှဲကြသဖြင့် သစ်ပင်များရှားပါးလာကာ ကမ္ဘာကြီးပူနွေးလာမှု၊ မိုးခေါင်ရေရှားမှု၊ အစာရေစာ ငတ်မွတ်ခေါင်းပါးမှု စသည်တို့နှင့်ရင်ဆိုင်နေကြရပြီး လူသားတို့၏အသက်ပင်ဆုံးရှုံးသေဆုံးရသည်အထိ ဒုက္ခဆိုးအမျိုးမျိုးနှင့် ကြုံတွေ့နေရပေသည်။ သို့ဖြစ်၍ ဤကမ္ဘာမြေသာယာလှပစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးကြရမည်။ လူသားများနှင့်အတူ မျှဝေနေထိုင်သော သတ္တဝါများ၏ဂေဟစနစ်မှန်ကန်စေရန်သဘာဝတောများကိုထိန်းသိမ်းကြရမည်ဖြစ်သည်။

သစ်တောများပြုန်းတီးခြင်း၏အဓိကအကြောင်းရင်းတစ်ရပ်တွင် သစ်ထုတ်လုပ်ခြင်းလည်း ပါဝင်ပေသည်။ “ထင်းခုတ်ကြမဆင်မခြင်၊ တောသစ်ပင်တွေပြုန်း” ဆိုသကဲ့သို့ ထင်းမီးသွေးဖုတ်ရာမှ လည်းကောင်း၊ တောမီးလောင်ခြင်းကြောင့်လည်းကောင်း သစ်တောများပြုန်းတီးခြင်းဖြစ်သည်။ သစ်တောများပြုန်းတီးခြင်းကြောင့် မိုးခေါင်ခြင်း၊ ရာသီဥတုပူပြင်းခြောက်သွေ့ခြင်းကိုလည်း ဖြစ်ပေါ်စေသည်။ နှစ်ပေါင်း ၁၂၀ မှ ၁၂၀၀ အထိကြာမှသာ တစ်လက်မအထူမျှဖြစ်လာသော သဘာဝမြေဆီလွှာသည် တစ်ခဏတာဖြင့်ပြုန်းတီးသွားရသည်။ အကျိုးဆက်ကား ရေကြီးရေလျှံခြင်း၊ မြေပြိုတောင်ပြိုခြင်းများနှင့် ဆေးဖက်ဝင်အပင်များ ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်စေသည်။

လူသားတို့အနေဖြင့် မိမိတို့ကြောင့်ပျက်စီးရသည့် သဘာဝပတ်ဝန်းကျင်များကို မိမိတို့ကပင် ပြန်လည်ပြုပြင်ထိန်းသိမ်းရန် တာဝန်အရှိဆုံးဖြစ်ပေသည်။ သို့အတွက်ကြောင့် သစ်ပင်သစ်တောများကို ပြန်လည်စိုက်ပျိုးတည်ထောင်မှုပြုလုပ်နေကြရမည်ဖြစ်သည်။ ထိုသို့ပျက်စီးသွားသည့် သဘာဝဘေးအန္တရာယ်များကိုတားဆီးကာကွယ်ရန်နှင့် ပြန်လည်ကုစားရန်အတွက် အရိုးရှင်းဆုံးနည်းလမ်းမှာ သဘာဝကိုအခြေခံပြီး ပြဿနာများကိုဖြေရှင်းခြင်း တစ်နည်းအားဖြင့် သစ်ပင်များစိုက်ပျိုးခြင်းနှင့်သစ်တောများကိုထိန်းသိမ်းကာကွယ်ခြင်းပင်ဖြစ်သည်။ ယနေ့ကမ္ဘာတစ်ဝန်း၌ လေထုပူနွေးလာမှုနှင့်အတူ ရေ၊ မြေ၊ လေ၊ ရာသီဥတု စသည့်ရုပ်ပိုင်းဆိုင်ရာများယိုယွင်းလာခြင်းကြောင့် သစ်ပင်ပန်းမန်၊ တိရစ္ဆာန် စသည့်သက်ရှိဇီဝဆိုင်ရာ ပြုန်းတီးမှုများတွေ့ကြုံနေကြရသည်။ လေထုပူနွေးလာမှုကို တားဆီးလျှော့ချနိုင်ရေးအတွက် နိုင်ငံအများအပြားတွင် သစ်ပင်သစ်တောများကို တိုးချဲ့စိုက်ပျိုးထိန်းသိမ်းနေကြပြီဖြစ်သည်။

ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေးနှင့် သစ်တောပြုန်းတီးမှုလျော့နည်းစေရေးကို အထူးအလေးပေးလုပ်ဆောင်လျက်ရှိသည်။ နှစ်စဉ် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ်သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပွဲတော်များ ကျင်းပစိုက်ပျိုးနိုင်ခဲ့သည်။

နိုင်ငံအတွင်းသစ်တောသယံဇာတအရင်းအမြစ်များ ထာဝစဉ်တည်တံ့စေရေးအတွက် သစ်တောထိန်းသိမ်းရေးလုပ်ငန်းစဉ်သည် တစ်ခဏတာလုပ်ဆောင်ရမည်မဟုတ်ဘဲ သတ္တလောကကြီးတည်မြဲနေသမျှကာလပတ်လုံး ရေရှည်လုပ်ဆောင်သွားကြရမည့်အလုပ်ဖြစ်သောကြောင့် သစ်တောဦးစီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေးအတွက် သစ်တောနယ်မြေများတိုးချဲ့ ဖွဲ့စည်းလျက်ရှိသည်။ မြန်မာနိုင်ငံတွင် သစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း ၂၀၂၆-၂၀၂၇ ခုနှစ်အရ နိုင်ငံပိုင်သစ်တောစိုက်ခင်းများတည်ထောင်ခြင်းနှင့် သဘာဝသစ်တောများပြုစုထိန်းသိမ်းခြင်းအပါအဝင်လုပ်ငန်း(၁၉)ရပ်ကိုအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နှစ်စဉ်နှစ်တိုင်း မိုးရာသီကာလသို့ရောက်ပြီဆိုပါက နိုင်ငံတော်အဆင့် သစ်ပင်စိုက်ပျိုးပွဲများ၊ အစိုးရဌာနအလိုက် သစ်ပင်စိုက်ပျိုးပွဲများနှင့် ကိုယ့်မြို့ကိုယ့်ရွာအလိုက် သစ်ပင်စိုက်ပျိုးပွဲများ စသည်ဖြင့် သစ်ပင်စိုက်ပျိုးရေးကို အလေးထားဆောင်ရွက်နေကြောင်း တွေ့မြင်ကြရမည်ဖြစ်သည်။ ယနေ့လမ်းဘေးဝဲ/ယာတစ်လျှောက်မြင်တွေ့နေရသောသစ်ပင်များအပါအဝင် မြို့ပြများအနီး မြင်တွေ့ရသောသစ်ပင်များသည် သစ်ပင်စိုက်ပျိုးရေးကို နှစ်စဉ်ဆောင်ရွက်နိုင်ခြင်း၏ အကျိုးရလဒ်များပင်ဖြစ်သည်။ “သစ်တောနှင့်သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး၊ သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး” ဟူသောစကားမှာလည်း သစ်ပင်သစ်တောကို ချစ်ခင်သည့်လူမျိုးမှာ သစ်ပင်ကိုနှစ်စဉ်စိုက်ပျိုးကြကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်းကြောင့် ရွှေတိုက်ကိုပင် ပိုင်စိုးရကြောင်း၊ သစ်ပင်စိုက်ပျိုးခြင်း၏အကျိုးတရားများကို ပြဆိုကာ သစ်ပင်သစ်တောများကိုချစ်ခင်သင့်ကြောင်း ဖော်ညွှန်းပြနေခြင်းဖြစ်သည်။

သစ်တောရတနာသည် လူသားတို့အတွက် အမှန်တကယ်တန်ဖိုးကြီးမားလှသည်။ သစ်ပင်သစ်တောများမှ ငွေကြေးနှင့်တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအထောက်အပံ့များစွာကိုလည်းရရှိစေသည်။ အရိပ်ရသောသစ်ပင်ကို စိုက်ပျိုးခြင်းဖြင့် လူနှင့်ကျေးငှက်တိရစ္ဆာန်တို့အတွက် နားခိုရာဖြစ်ပေါ်စေသကဲ့သို့ သီးပင်စားပင်များမှလည်း အာဟာရကိုရရှိစေသည်၊ ထို့ကြောင့်သက်ရှိလူသားတိုင်း သစ်ပင်သစ်တောများကို အမှန်တကယ်ချစ်ခင်မြတ်နိုး ထိန်းသိမ်းစောင့်ရှောက်ကြပြီး စနစ်တကျနှင့်စိုက်သမျှ ရှင်သန်အောင်စိုက်ပျိုးကြမည်ဆိုပါက နိုင်ငံတစ်ဝန်း မြို့ရွာဒေသပါမကျန်စိမ်းစိုသာယာလှပနေမည်ဖြစ်သည်။

“ပန်းမန်သစ်ပင်လေသန့်စင်၍ ဥယျာဉ်တောတန်း စိတ်ရွှင်လန်း၏” ဆိုသည့်အတိုင်း သီးပင်စားပင်၊ အရိပ်ရပင်၊ ပန်းပင်များကို အစဉ်တစိုက်စိုက်ပျိုးကြခြင်းဖြင့် မြို့ပြကျေးလက်တစ်ခွင် ဒေသအလိုက် စိမ်းလန်းစိုပြည်ဝေဆာလှပလာမည်ဖြစ်သည်။ ထိုသို့စိုက်ပျိုးခြင်းဖြင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မည်သာမက ပြည်သူများ၏အခြေခံစားဝတ်နေရေးလိုအပ်ချက်များကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် သစ်ပင်သစ်တောများကြောင့် သဘာဝပတ်ဝန်းကျင် ရာသီဥတုပြောင်းလဲမှုကိုပါ များစွာအကျိုးသက်ရောက်စေပြီး ဤကမ္ဘာမြေ အစဉ်ထာဝရလှပနေစေရန်အတွက် လူတစ်ဦးလျှင် သစ်ပင်တစ်ပင်နှုန်းစိုက်ပျိုးသင့်သည်။ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့် ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်ပင်သစ်တောများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ။

⇨ **ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံအနေဖြင့်လည်း သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် သစ်တောဖုံးလွှမ်းမှုတိုးတက်လာစေရေးနှင့် သစ်တောပြုန်းတီးမှုလျော့နည်းစေရေးကို အထူးအလေးပေးလုပ်ဆောင်လျက်ရှိသည်။ နှစ်စဉ် ဇူလိုင်လကို သစ်ပင်စိုက်ပျိုးရေးလအဖြစ်သတ်မှတ်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်ပင်စိုက်ပွဲတော်များ ကျင်းပစိုက်ပျိုးနိုင်ခဲ့သည်။**

# ခေါင်းဒုက္ကာ(၂)IDP စခန်း ပြန်လည်တည်ဆောက်နေမှုကို ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လှည့်လည်ကြည့်ရှုစစ်ဆေး



**စစ်တွေ ဇူလိုင် ၂၆**

ရခိုင်ပြည်နယ် ၂၀၂၅ ခုနှစ် မိုးရာသီ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့ ဘုမေရပ်ကွက် ရွာဂေါင်းရွာသစ် မူလွန်ကျောင်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာများနှင့်အသင်းအဖွဲ့များကို စိုက်ပျိုးမည့် ပျိုးပင်များကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက အင်ကြင်း၊ ပိတောက်၊ ခရေ၊ ပျဉ်းမနှင့် ပျဉ်းကတိုးပင်များကို စိုက်ပျိုးကြပြီး ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ တတိယအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ပိတောက်၊ ခရေ၊ ပျဉ်းမ၊ ပျဉ်းကတိုး၊ မဟော်ဂနီနှင့် သင်းဝင် စသည့် သစ်ပင်ပေါင်း ၁၀၀၀ ကျော်ကိုစိုက်ပျိုးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် စစ်တွေမြို့နယ် ခေါင်းဒုက္ကာ(၂)IDP စခန်းတွင် သစ်တိုင်၊ ထရံကာ၊ သွပ်မိုးဖြင့် အလျား ၄၈ ပေ၊ အနံပေ ၃၀ အဆောက်အအုံ အလုံး ၄၀ ဆောက်လုပ်ခြင်းနှင့် ရေတုံကင် ၂၄ လုံးတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဆက်လက်၍ ခေါင်းဒုက္ကာ(၂)IDP စခန်း ပြန်လည်တည်ဆောက်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ခေါင်းဒုက္ကာ(၂)IDP စခန်းတွင် နေထိုင်ကြသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် စစ်တွေမြို့ စက်ရုံစုရပ်ကွက် ကန်တော်ကြီးကွင်းရှိ လယ်ယာမြေတွင် မိုးစပါးစံပြကွက်စိုက်ပျိုးနိုင်ရေး သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ကွေ့ကျိုးပြည်နယ်အစိုးရအဖွဲ့နှင့် အာဆီယံနိုင်ငံအသီးသီးမှ ပညာရေး ခေါင်းဆောင်များ အကြိုတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် တက်ရောက်



**နေပြည်တော် ဇူလိုင် ၂၆**

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၂၅ ခုနှစ် တရုတ်-အာဆီယံ ပညာရေးပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနား တက်ရောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွေ့ကျိုးပြည်နယ် ကွေ့ရမ်မြို့သို့ ဇူလိုင်လ ၂၄ ရက်က ရောက်ရှိကြသည်။

ယမန်နေ့နံနက်ပိုင်းက ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကွေ့ကျိုးတက္ကသိုလ် သွားရောက်ရာ တာဝန်ရှိသူများက ကွေ့ကျိုးတက္ကသိုလ် နောက်ခံသမိုင်းနှင့် လက်ရှိဆောင်ရွက်နေသော ပညာရပ်ဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် တက္ကသိုလ်အတွင်း လက်ရှိဆောင်ရွက်လျက်ရှိသည့် သုတေသနဓာတ်ခွဲခန်းများ၊ တက္ကသိုလ်စာကြည့်တိုက်များနှင့် စာသင်ခန်းများကို ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ၂၀၂၅ခုနှစ် တရုတ်-အာဆီယံ ပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနားနှင့်စပ်လျဉ်း၍ ကွေ့ကျိုးပြည်နယ် အုပ်ချုပ်ရေးမှူးဦးစီးသည့် အစိုးရအဖွဲ့နှင့် အာဆီယံနိုင်ငံအသီးသီးမှ ပညာရေးခေါင်းဆောင်များ အကြိုတွေ့ဆုံပွဲသို့ တက်ရောက်ဆွေးနွေးသည်။

ညပိုင်းတွင် ဒုတိယဝန်ကြီးနှင့် အာဆီယံနိုင်ငံများမှ တက်ရောက်သူများသည် တရုတ်-အာဆီယံယဉ်ကျေးမှုဖလှယ်ပွဲသို့ တက်ရောက်ကြသည်။

၂၀၂၅ ခုနှစ် တရုတ်-အာဆီယံပညာရေး ပူးပေါင်းဆောင်ရွက်မှု ရက်သတ္တပတ်အခမ်းအနားကို ဇူလိုင်လ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# အခြေခံပညာကျောင်းများနှင့် မြို့နယ်ပြည်သူ့ဆေးရုံများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၂၆**

၂၀၂၅ -၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက်တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက အခြေခံပညာကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နှင့် မိုင်းတုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အပါအဝင် မြို့နယ် (၁၇) မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများအတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများအား ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ပေးကြသည်။

ထို့ပြင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းခတ်မြို့၊ တာလေမြို့၊ မိုင်းဆတ်မြို့၊ မိုင်းယောင်းမြို့တို့ရှိဘုန်းတော်ကြီးကျောင်းများ၊ စေတီပုထိုးများ၊ ပြည်သူ့ဆေးရုံများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မကွေးတိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် မကွေးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးစိုင်းမြင့်အေး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မကွေးမြို့အနီးရှိ နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး(Solar+ Gas Engine Hybrid) ဓာတ်အားပေးစက်ရုံစီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် မကွေးပင်မဓာတ်အားခွဲရုံ၏ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။



မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာပြီး မကွေးမြို့ရှိ ရုံး/ဌာနများ၌ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့အနီးရှိ နေရောင်ခြည်စွမ်းအင်နှင့် သဘာဝဓာတ်ငွေ့အင်ဂျင်ပေါင်းစပ်သုံး (Solar+Gas Engine Hybrid) ဓာတ်အားပေးစက်ရုံစီမံကိန်းသို့ရောက်ရှိရာ ဓာတ်အားထိန်းချုပ်ခန်းတွင် တာဝန်ရှိသူများက ဓာတ်အားပေးစက်ရုံ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုနှင့် လက်ရှိစီမံကိန်း လုပ်ငန်းများဆောင်ရွက်နေမှု၊ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်းသွယ်တန်းဆောင်ရွက်မည့်အခြေအနေ၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းဆောင်ရွက်ပြီးစီးမှုနှင့်အနီးပတ်ဝန်းကျင်ကျေးရွာအတွင်း လူမှုရေးတာဝန်သိမှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လာမည့်နွေရာသီအမီ ကနဦးဓာတ်အားထုတ်လုပ်နိုင်ရန်ဓာတ်အားပေးစက်ကိုးလုံးမှ ဓာတ်အား ၈၀ မဂ္ဂါဝပ်အား ဆောလျင်စွာ ဓာတ်အားထုတ်လုပ်နိုင်ရေး အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်သွားရန်၊ ဆိုလာမှ ဓာတ်အားထုတ်လုပ်နိုင်ရေးလုပ်ငန်းများကို တိုးတက်မှုရှိအောင်ဆောင်ရွက်သွားရန်၊ ဓာတ်အားမထုတ်လုပ်မီ Gas Engine များကို စမ်းသပ်မောင်းနှင်ထားရန်နှင့် သေချာစွာ စိစစ်ဆောင်ရွက်ထားရန်၊ ဓာတ်အားပေးစက်ရုံတည်ရှိရာဒေသသည် ငလျင်သက်ရောက်မှုရှိသည့် ဒေသဖြစ်၍ အင်ဂျင်စက်အထိုင်များ ရွေ့လျားသွားမှုရှိ/မရှိ စစ်ဆေးဆောင်ရွက်သွားရန်၊ စီမံကိန်းအသစ်များ မဆောင်ရွက်နိုင်မီကာလတွင် ရှိပြီးသားစီမံကိန်းများအား အမြန်ပြီးစီးနိုင်ရေးနှင့် ဓာတ်အားထုတ်လုပ်နိုင်ရေး တွန်းအားပေးဆောင်ရွက်သွားရန်၊ ထိုသို့ဆောင်ရွက်ရာတွင် အခက်အခဲများရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြဆောင်ရွက်သွားရန်နှင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် စီမံကိန်းလုပ်ငန်းခွင်အတွင်းရှိ Gas Engine Hall အတွင်း Gas Engine စက်များနှင့် ဆက်စပ်ပစ္စည်းများတပ်ဆင်ဆောင်ရွက်ပြီးစီးနေမှု၊ Exhaust Dust System တပ်ဆင်ပြီးစီးမှု၊ အအေးပေးစနစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဓာတ်အားခွဲရုံတည်ဆောက်ရန် Foundation လုပ်ငန်းများဆောင်ရွက်နေမှုနှင့် Fire Protection Wall တည်ဆောက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဓာတ်အားပေးစက်ရုံသို့ဓာတ်ငွေ့ပို့လွှတ်ပေးမည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း သဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းသို့ရောက်ရှိပြီး သဘာဝဓာတ်ငွေ့ပိုက်လိုင်းများ သွယ်တန်းထားရှိမှုနှင့် ဓာတ်ငွေ့ပို့လွှတ်ပေးမည့်အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန မကွေးပင်မဓာတ်အားခွဲရုံသို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဓာတ်အားခွဲရုံမှူးက ဓာတ်အားခွဲရုံဆိုင်ရာအချက်အလက်များနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးပေးနေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ဗို့အားပြည့်ဝစွာ ဓာတ်အားစဉ်ဆက်မပြတ် ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းစေရေး၊ ဓာတ်အားခွဲရုံသုံး လျှပ်စစ်ပစ္စည်းများ၊ ထရန်စဖော်မာများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးတို့အတွက် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို စနစ်တကျ ပုံမှန်စစ်ဆေးဆောင်ရွက်သွားရန် မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းနှင့် Switch Yard အတွင်း လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုအခြေအနေနှင့် ဝန်ထမ်းအိမ်ရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မကွေးမြို့ရှိ မကွေးပင်မဓာတ်အားခွဲရုံနှင့် အမှတ်(၄)တည်ဆောက်ရေးရုံးတို့သို့ရောက်ရှိပြီး ရခိုင်ပြည်နယ်မှ ယာယီနေရပ်စွန့်ခွာ၍ မကွေးမြို့ရှိ ရုံးဌာနများတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသည့် ယာယီနေရပ်စွန့်ခွာဝန်ထမ်းများအားတွေ့ဆုံပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးကာ ယာယီနေရပ်စွန့်ခွာဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြဝတီ

# စိုက်ပျိုးလုပ်ကိုင်သူများအားလုံး လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ထဲထဲဝင်ဝင်သိရှိလိုက်နာရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဇူလိုင် ၂၆

တောင်သူလယ်သမားများအပါအဝင် စိုက်ပျိုးလုပ်ကိုင်သူများအားလုံး လယ်ယာကဏ္ဍဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ ထဲထဲဝင်ဝင် သိရှိလိုက်နာရေးနှင့် ဥပဒေ၏အကာအကွယ်နှင့် အထောက်အပံ့ကို ခံယူနိုင်ကြစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက နည်းလမ်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ကျင်းပသည့် တောင်သူနည်းပညာပေးဆွေးနွေးပွဲတွင် သက်ဆိုင်ရာပညာရှင်များက "မြေသြဇာဥပဒေအကြောင်းသိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က တောင်သူလယ်သမားများ၏အကျိုးစီးပွားကို ကာကွယ်ပေးနိုင်ရေးအတွက် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ နည်းဥပဒေများကို တောင်သူများ သိရှိနားလည်ရန်လိုအပ်ကြောင်း၊ မြို့နယ်တိုင်းရှိ ကျေးရွာရပ်မိရပ်ဖများကို စိုက်ပျိုးရေးဆိုင်ရာ တည်ဆဲဥပဒေများနှင့်ပတ်သက်၍ မိတ်ဆက်ပေးကြရမည်ဖြစ်ကြောင်း၊ ရပ်ရွာတိုင်းတွင် သတင်းအချက်အလက်ရရှိရေးနှင့် သတင်းအချက်အလက်စီမံခန့်ခွဲရေးစနစ်အသုံးပြုခြင်း၊ တောင်သူများပါဝင်သည့် သီးနှံစုံရောင်းချသည့် အွန်လိုင်းလူမှုကွန်ရက်စာမျက်နှာများ တည်ထောင်ခြင်း၊ အွန်လိုင်းမှတစ်ဆင့် မျိုးစေ့နှင့်ပတ်သက်သည့် သတင်းအချက်အလက်မျှဝေခြင်း၊ မျိုးစေ့ရောင်းချခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်စေလိုကြောင်း၊ တောင်သူကြီးများကို အထူးမှာကြားလိုသည်မှာ စိုက်ပျိုးသည်မှ ရိတ်သိမ်းသည်ထိ အလေအလွင့်နည်းအောင် စနစ်တကျဆောင်ရွက်ခြင်း၊ ရေကိုစနစ်တကျစီမံခန့်ခွဲခြင်း၊ စပါးနှစ်သီးစိုက်များတွင် စပါးရိုးပြတ်များကို ရေမြှုပ်၍ ထယ်ရေးပြင်ခြင်းသည် မြေဆီလွှာမှ မီသိန်းဓာတ်ငွေ့ထွက်ရှိမှုကို အားပေးခြင်းဖြစ်၍ ရှောင်ကြဉ်ရန်လိုအပ်ကြောင်း၊ နိုင်ငံ့စီးပွားအစီအစဉ်မှ အခြောက်ခံစက်များ ထူထောင်နိုင်ရေးကိုလည်း ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ပညာရှင်တစ်ဦးက မြေသြဇာဥပဒေအကြောင်းသိကောင်းစရာများ၊ မြေသြဇာဥပဒေပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ မြေသြဇာဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ မြေသြဇာကော်မတီဖွဲ့စည်းခြင်း၊ မြေသြဇာနည်းပညာအဖွဲ့၊ စစ်ဆေးရေးအဖွဲ့၊ မြေသြဇာမှတ်ပုံတင်လက်မှတ်၊ မြေသြဇာသိုလှောင်လိုင်စင်နှင့် ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်လျှောက်ထားခြင်းတို့နှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးပြီး လန်ချန်း၊ မဲခေါင်တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဗဟိုဌာနမှ ပေးပို့လာသည့် ပညာပေးဗီဒီယိုအားပြသသည်။

(၇၆) ကြိမ်မြောက်ကျင်းပသည့် အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေး သုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ နေပြည်တော် ဒက္ခိဏသီရိ၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ လယ်ဝေး၊ တပ်ကုန်းနှင့် ပျဉ်းမနားမြို့နယ်တို့မှ တောင်သူများ စုစုပေါင်း ၁၂၀ ကျော် တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပညာရှင်နှင့်တောင်သူများက zoom ဖြင့် ပါဝင်တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေး အတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)၊ လေသန့်စင်အလုပ်ရုံရှိ Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်းအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း တက်ရောက်



နေပြည်တော် ဇူလိုင် ၂၆

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)ရှိ လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါစက်ရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရှမ်းပြည်နယ်ဝန်ကြီးများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဗဟိုဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ ၊ ရုရှားနိုင်ငံ TPE Co.,Ltd. မှ အင်ဂျင်နီယာချုပ်၊ AGS Co.,Ltd. မှ ညွှန်ကြားရေးမှူးချုပ်၊ Rostec မှ ကိုယ်စားလှယ်နှင့် ကျွမ်းကျင်ပညာရှင်များ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လေသန့်စင်အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် Air Compressor အမှတ် (၁)အား ထိန်းချုပ်ခန်းမှခလုတ်နှိပ်၍ စမ်းသပ်လည်ပတ်မောင်းနှင်ပြီး Air Compressor လည်ပတ်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးကာ Air Compressor အမှတ်(၂) အား စမ်းသပ်လည်ပတ်မောင်းနှင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။

အစီအစဉ် ဒုတိယပိုင်းကို စက်ရုံစုပေါင်းစားရိပ်သာ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် TPE မှ အဆိုပြုသော သတ်မှတ်ချက် (၃) ခု ဖြင့် ဆောင်ရွက်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြခွင့်ပြုချက်ရရှိထားပြီးဖြစ်၍ သတ်မှတ်ချက်(၁) ဖြစ်သည့် လေသန့်စင်အလုပ်ရုံ လည်ပတ်နိုင်ရေးကို စတင်ဆောင်ရွက်ခဲ့ကြောင်း၊ လေသန့်စင်အလုပ်ရုံအနေဖြင့် တပ်ဆင်စက်စွမ်းအားအရ တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၂၀၀၀၀ မှ ၄၀၀၀၀ $Nm^3$ ( Normal Cubic Meter ) နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၄၀၀ မှ ၁၂၀၀ $Nm^3$ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ရိုမက်သံရည်ကျို အလုပ်ရုံလည်ပတ်ရန်အတွက် တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ်ငွေ့ ၃၃၀၀၀ $Nm^3$ နှင့် နိုက်ထရိုဂျင်ဓာတ်ငွေ့ ၂၁၈ $Nm^3$ သာ လိုအပ်မည်ဖြစ်သောကြောင့် လုံလောက်စွာ ထုတ်လုပ်ပေးနိုင်မည်ကိုတွေ့ရှိရကြောင်း။

လေသန့်စင် အလုပ်ရုံပြန်လည်လည်ပတ်နိုင်ရန်အတွက် TPE Co., Ltd. မှ ပညာရှင်တစ်ဦးနှင့် AGS Co., Ltd. မှ ပညာရှင်ကိုးဦးတို့ဖြင့် ၂၀၂၅ ခုနှစ် မေလ ၁၂ ရက်မှစ၍ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းကိရိယာများကို စစ်ဆေးခြင်း၊ တပ်ဆင်ခြင်းလုပ်ငန်းများကို စက်ရုံရှိ ကျွမ်းကျင်အင်ဂျင်နီယာများနှင့် ပူးပေါင်းကြိုးပမ်းအားထုတ်မှုကြောင့် ယခုအခါလေသန့်စင်အလုပ်ရုံ၏ အဓိကအစိတ်အပိုင်းဖြစ်သည့် Air Compressor များကို အောင်မြင်အောင် စမ်းသပ်လည်ပတ်နိုင်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ TPE Co., Ltd. မှ အင်ဂျင်နီယာချုပ် Mr. SENIN ၊ AGS Co., Ltd. မှ ညွှန်ကြားရေးမှူးချုပ် Mr. KONEV နှင့် Rostec မှ ကိုယ်စားလှယ် Mr. VLADISLAV တို့က လေသန့်စင်အလုပ်ရုံအောင်မြင်စွာ လည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်ခဲ့မှု ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း Air Compressor များ စမ်းသပ်လည်ပတ်မောင်းနှင်နိုင်မှု အထိမ်းအမှတ်အမှတ်တရလက်ဆောင်ကို ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်)ရှိ ဝန်ထမ်းများကို ဂုဏ်ပြုဆုငွေကျပ်သိန်း ၅၀ ပေးအပ်ရာ စက်ရုံမှူးက လက်ခံရယူပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းရှိ စီမံကိန်းလုပ်ငန်းများကို ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၄ ရက်တွင် ပြန်လည်စတင်ခဲ့ပြီး စက်ရုံရှိ အလုပ်ရုံ ၁၉ ရုံအား စက်စမ်းသပ်လည်ပတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းအား ၂၀၂၆ ခုနှစ် နိုဝင်ဘာလတွင် အပြီးသတ်ဆောင်ရွက်ကာ စက်ရုံစတင်လည်ပတ်ထုတ်လုပ်နိုင်ရေးရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

# နည်းပညာတက္ကသိုလ်(ရမည်းသင်း)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း)သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ နည်းပညာတက္ကသိုလ် (ရမည်းသင်း)သို့ရောက်ရှိကာ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဒုတိယပါမောက္ခချုပ်က ကျောင်းဆိုင်ရာအချက်အလက်များ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံများပြုပြင်ဆောင်ရွက်ခဲ့ပြီးသောလုပ်ငန်းများနှင့် ပြုပြင်ရန်ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဘေးအန္တရာယ်ကင်းရှင်းရေးနှင့်လတ်တလော ပြုပြင်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး၊ ရေရှည်တွင် ငလျင်ဒဏ်ကို ကြံ့ကြံ့ခံနိုင်ရေးနှင့် ထိခိုက်မှုလျော့နည်းအောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်မဆောင်၊ စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့် Lab ခန်းများ၊ အလုပ်ရုံများရှိ စက်ပစ္စည်းလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ စာကြည့်တိုက်နှင့် ဖူဆယ်ဘောလုံးကွင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ(ရမည်းသင်း) သို့ ရောက်ရှိကာ ကျောင်းအုပ်ကြီးက ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများ ပြုပြင်ဆောင်ရွက်ခဲ့ပြီးသောလုပ်ငန်းများ၊ ပြုပြင်ရန်ကျန်ရှိသည့်လုပ်ငန်းများနှင့် ကျောင်းဆိုင်ရာကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် အဆောက်အအုံများ၊ ပင်မဆောင်၊ စာသင်ဆောင်များ၊ ကွန်ပျူတာခန်း၊ စာကြည့်တိုက်၊ အလုပ်ရုံများနှင့် ဖူဆယ်ဘောလုံးကွင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အလုပ်ရုံနှင့် ဘာသာရပ်ဌာနအလိုက် သင်ထောက်ကူပစ္စည်းများစီစဉ်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သင်ကြားသင်ယူနိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# အစိုးရစက်မှုလက်မှုသိပ္ပံ(ရွှေပြည်သာ)နှင့် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဇူလိုင်လ ၂၂ ရက် မွန်းလွဲပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)ကို သွားရောက်စစ်ဆေးရာ ကျောင်းအုပ်ကြီးက ကျောင်းလုပ်ငန်းဆိုင်ရာတင်ပြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များဖြည့်စွက်ဆောင်ရွက်ပေးကာကျောင်းစာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် အင်ဂျင်နီယာဌာနများရှိ လက်တွေ့ခန်းများနှင့်အလုပ်ရုံများတွင် လက်တွေ့လုပ်ငန်းများကိုစိတ်ဝင်စားစွာ လေ့ကျင့်လျက်ရှိကြသော ကျောင်းသား၊ ကျောင်းသူများကို နှုတ်ဆက်အားပေးကာ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ တည်ဆောက်ရာတွင်ဗလငါးတန်နှင့်ပြည့်စုံသော နည်းပညာရှင်လူငယ်ကောင်းများအဖြစ် ပါဝင်ဆောင်ရွက်နိုင်ရေး အဓိကရည်မှန်းကြိုးပမ်းကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ရန်ကုန်ကွန်ပျူတာတက္ကသိုလ်သို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ နိုင်ငံတကာအဆင့်မီ IT ပညာရှင်များမွေးထုတ်ပေးရန်နှင့် ဒေသအကျိုးပြု၊ နိုင်ငံအကျိုးပြုလုပ်ငန်းများကို ဆရာ၊ ဆရာမများက ဝိုင်းဝန်းဆောင်ရွက်ရန်နှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ကျောင်းသား၊ ကျောင်းသူများ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းနှင့် Academic Plan အတိုင်း ဆက်လက်ဆောင်ရွက်ရန်မှာကြားသည်။

ယင်းနောက် စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများ၏ သင်ကြားသင်ယူဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးစကားပြောကြားပြီး ကွန်ပျူတာခန်း၊ ETRI Lab နှင့် တက္ကသိုလ် ဥပဓိရုပ်တင့်တယ်ရေးနှင့်သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ်(ရန်ကုန်) “ဘရဏီဆောင်”နှင့် ဆေးတက္ကသိုလ်-၁( ရန်ကုန်) “သမားဂုဏ်ရည်ဆောင်” အဆောက်အအုံများ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ် (ရန်ကုန်) “ဘရဏီ” ကျောင်းသူဆောင်နှင့် ဆေးတက္ကသိုလ်-၁ (ရန်ကုန်) “သမားဂုဏ်ရည်” ကျောင်းသားဆောင်အဆောက်အအုံများဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။



ဖွင့်ပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ဆေးတက္ကသိုလ်နှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံဆေးပညာရှင်များအဖွဲ့၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွား ကောင်စီတို့မှတာဝန်ရှိသူများ၊ အငြိမ်းစားပါမောက္ခချုပ်များ၊ ဌာနအသီးသီးမှဖိတ်ကြားထားသောဧည့်သည်တော်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆေးဘက်ဆိုင်ရာနည်း ပညာတက္ကသိုလ်၊ (ရန်ကုန်) “ဘရဏီဆောင်”ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းကာ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။

ယင်းနောက်ဖွင့်ပွဲအခမ်းအနား ဒုတိယ အစီအစဉ်များကို “ရတုအလင်္ကာ” ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ အဆောက်အဦဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂) မှ တာဝန်ရှိသူက အဆောက်အအုံဆိုင်ရာ မှတ်တမ်းများ လွှဲပြောင်းပေးအပ်၍ ပါမောက္ခချုပ်က ကျေးဇူးတင်စကား ပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များပေးအပ်သည်။

ထို့နောက် ကျောင်းသား၊ကျောင်းသူများက အကအလှများဖြင့် ဖျော်ဖြေကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြသည်။

ဆက်လက်၍ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)၏ “သမားဂုဏ်ရည်ဆောင်” ဖွင့်ပွဲအခမ်းအနားကို မင်းကျောင်းလမ်း ဒဂုံမြို့နယ်တွင် ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများသည် “သမားဂုဏ်ရည်ဆောင်”ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ပြည်ထောင်စုဝန်ကြီးက သမားဂုဏ်ရည်ဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ပက်ဖျန်းပေး၍ အဆောက်အအုံသစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်များကို ယာယီခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံသို့ အဆောက်အဦ ဦးစီးဌာန၊ အဆောက်အဦအထူးအဖွဲ့(၂) မှ တာဝန်ရှိသူက အဆောက်အအုံဆိုင်ရာ မှတ်တမ်းများ လွှဲပြောင်းပေးအပ်ပြီး ပါမောက္ခချုပ်က ကျေးဇူးတင်စကားပြောကြားကာ ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များပေးအပ်သည်။

ဖွင့်ပွဲအခမ်းအနားများတွင် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ ကျောင်းသူ “ဘရဏီဆောင်” နှင့် “သမားဂုဏ်ရည်ဆောင်” အသစ်ဖွင့်လှစ်ခြင်းအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိကြောင်း၊ ယခုကဲ့သို့ အဆောင်သစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းဖြင့် တက္ကသိုလ်အင်္ဂါရပ်နှင့် ပိုမိုပြည့်စုံညီညွတ်ပြီး တက္ကသိုလ်တစ်ခု၏ ကမ္ဘာ့အဆင့် သတ်မှတ်ချက် (University Ranking) တိုးတက်လာခြင်း၊ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းလုံခြုံစွာ ပညာသင်ကြားနိုင်ခြင်း၊ အရည်အချင်း ပိုမိုပြည့်ဝသောဆေးပညာရှင်များ မွေးထုတ်ပေးနိုင်မည်ဖြစ်ခြင်း စသည့်အချက်များကြောင့် တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူ အိပ်ဆောင်များ တည်ဆောက်ဖွင့်လှစ်ခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဦးစားပေးကိစ္စတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်ပေးနိုင်ခဲ့သည့် “ဘရဏီဆောင်”အဆောင်သည် ကျောင်းသူ ၁၆၈ ဦး နေထိုင်နိုင်သည့် အကျယ်စတုရန်းပေ ၂၉,၂၂၅ (L Shape) လေးထပ်ဆောင်ဖြစ်ပြီး၊ “သမားဂုဏ်ရည်” အဆောင်သည် ကျောင်းသား ၂၅၀ နေထိုင်နိုင်သော အကျယ်စတုရန်းပေ ၃၆၀၀၀ RC ငါးထပ်ဆောင်ဖြစ်ကြောင်း သိရသည်။

မြဝတီ

➤ ကျောဖုံးမှအဆက်

**“ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တော”**အဖြစ် အမိန့်ကြော်ငြာစာအမှတ်(၇၂ /၂၀၂၅) အရ ၁၃၈၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၁၃ ရက် (၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၂ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့စေရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝစေရန်၊ လှိုင်းဒဏ်/လေမုန်တိုင်းဒဏ်ခံစားရမှုများအား သဘာဝတံတိုင်းကြီးများသဖွယ် ကာကွယ်ရန်၊ ဒေသခံပြည်သူများအတွက် သား၊ ငါး၊ ကဏန်း၊ ပုစွန်စသောရေသယံဇာတများ စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရန်နှင့် ဒီရေတောဂေဟစနစ် စီမံအုပ်ချုပ်မှုပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ ဒီရေတောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ ဖွဲ့စည်းသတ်မှတ်ခြင်းဖြစ်သည်။

ဆလုံတောင်ကျွန်းဒီရေတောကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် ဒီရေတောအဓိက သစ်မျိုးများဖြစ်သည့် ဗြူးခြေထောက်၊ ဗြူးအုပ်ဆောင်း၊ လမု၊ လဘာ၊ ကနစို၊ သမဲ့၊ ကျန၊ မဒမ၊ ပင်လယ်အုန်း စသည့်သစ်မျိုးများနှင့် သရော၊ (နံ့ဗြူး)ငှက်နှင့် ဓနိပင်စသည့် ဒေသမျိုးရင်း ဒီရေတောသစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဗျိုင်း၊ ဗျိုင်းအောက်၊ စွန်၊ သိမ်းငှက်၊ ပန်းဖင်ငှက်၊ ခရုစုတ်ငှက်၊ ရေညှောင့်နှုတ်ဝိုင်းငှက်၊ တင်ကျီးငှက်၊ ငှက်တုံးငှက် စသည့်ငှက်မျိုးများ၏နေရင်းဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ သား၊ ငါး၊ ကဏန်း၊ ပုစွန်များရှင်သန်ပေါက်ပွားရာ ဂေဟစနစ် ပိုမိုကောင်းမွန်လာစေခြင်း၊ ဒီရေတောများသည် အဏ္ဏဝါဂေဟစနစ်ကို တည်ငြိမ်မှုအတွက် အရေးပါသည့် ဂေဟစနစ်တစ်ခုဖြစ်ခြင်းနှင့် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်သည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ၂၆-၇-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

■ **မြစ်ရေကြီးမှုမှအဆက်**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် ကျော်လွန်နေပြီးနောက် တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ပုသိမ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ၁ ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ဒီရေမြင့်တက်ချိန်တွင် စိုးရိမ်ရေမှတ်သို့ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပုသိမ်မြို့၊ ပဲခူးမြို့၊ ရွှေကျင်မြို့၊ ဘားအံမြို့နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။ **(မိုး/ဇလ)**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 4,000 banana acres grown in Monywa District this monsoon

MONYWA July 26

In Monywa District of Sagaing Region, local farmers have planted 4,228 acres of banana plantations this monsoon, according to the Monywa District Agriculture Department.

In 2025-2026 monsoon cultivation season, Monywa District authorities earmarked cultivation of 4,228 acres of banana. So far, farmers have planted 135 acres of banana in Monywa Township, 2,696 acres in Budalin Township, 1,332 acres in Ayadaw Township and 65 acres in ChaungU Township, totalling 4,228 acres meeting the target cultivation.

"This monsoon season, Monywa District has planned to cultivate 4,228 acres of banana plants. As of today, 100 percent of the targeted acreage has already been cultivated. Recently, banana cultivation has also been observed in fallow lands. In most cases, pest and disease outbreaks are under control," said Daw San San Myint, Head of the Monywa District Agriculture Department.

Farmers cultivating banana typically plant around 1,000 trees per acre. The cultivation cost per acre can reach up to Ks-2 million, while the income at harvest time can be around Ks-5 million per acre.

The Monywa District Agriculture Department has also been conducting field awareness programs to promote safe crop production. These include discussions on the risks of chemical residues,



encouraging the use of registered pesticides according to labeled dosages, and promoting good agricultural practices.

SMK

# Budalin Township grows over 6,000 acres of rain-fed pigeon peas

BUDALIN July 26

More than 6,000 acres of pigeon peas have been planted in this year rain crops planting season in Budalin Township, Monywa District, Sagaing Region, according to the statistics of the Department of Agriculture for Budalin Township.

In the 2025-2026 rain crops planting season, 34,500 acres of pigeon peas have been planted in Budalin Township, and planting has begun since May this year, and 6,998 acres have been planted to date.

"This year, Budalin Township has planned to plant more than 34,000 acres of pigeon peas in this year rain crops planting season. More than 6,000 acres have been planted to date. We are working to ensure that the target acres are met. We are also working to improve the yield of pigeon peas. We plant pigeon peas separately and also as an inter-crop," said U Phyo Wai, head of the Department of Agriculture for Budalin Township.

SMK


# Groundnut seeds marketable in Maubin Township

KYAUNGGON July 26

Groundnut seeds are in high demand in the market of Maubin Township of Ayeyawady Region, said Daw Myat May, the owner of pulses and beans trading in Maubin Township.

In Maubin Township's bean market, since the second week of June this year until now, the buying and selling of groundnut seeds have become more active. This improvement in groundnut seed trading is reportedly due to increased purchasing by businesses that produce groundnut oil.

"Apart from local groundnut seeds, summer groundnut seeds from other regions are also entering the market now. Currently, the market price for groundnut seeds has reached up to Ks-24,000 per basket. As groundnut oil production is doing well, the trading of groundnut seeds has also improved. There is potential for the trade to get



even better. Until the new summer groundnut harvest arrives, the trade is expected to remain strong. With the current demand for groundnut seeds, farmers are generally satisfied, and both laborers and merchants are also doing well," said Daw Myat May.

Food product dealers in Maubin Township are purchasing groundnut seeds to process them into various products such as groundnut cooking oil, groundnut snacks, and groundnut shells. These are then systematically packaged and transported for sale to other regions.

SK

# Over 12,000 acres of pigeon pea planted in Wetlet Township during monsoon

WETLET July 26

According to the Wetlet Township Department of Agriculture of Sagaing Region, local farmers have planted more than 12,000 acres of pigeon pea in the township this monsoon.

In 2025-2026 monsoon cultivation season, local authorities earmarked cultivation of 21,256 acres of pigeon pea in Wetlet Township but farmers have so far planted 12,880 acres of crops against the target cultivation.

"This year, during the monsoon crop season in Wetlet Township, over 21,000 acres of pigeon pea are planned for cultivation. As of today, more than 12,000 acres have already been cultivated," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

It is reported that, this year, the Wetlet Township Department of Agriculture is providing field-level technical support to farmers growing pigeon peas. This includes guidance on using quality and pure seeds, proper cultivation methods, pest prevention, and yield improvement.

Moreover, the township agriculture department is disseminating techniques of making natural fertilizers to help reduce the cost of purchasing foliar fertilizers. These methods reportedly reduce cultivation costs, keep the plants free from pests, and promote healthy plant growth.

SK

# Katha District completes 100 percent harvest of summer paddy



KATHA July 26

Local farmers have harvested all sown acreage of summer paddy in Katha District of Sagaing Region, according to the District Agriculture Department.

In Katha District, it was reported that during this year's summer crop season, a total of 22,344 acres of summer paddy were cultivated. The harvesting of these summer paddy fields began in April and has now been completed 100 percent. The yield averaged 86.98 baskets per acre.

Daw Khin Myat Myat Oo, Head of the District Department of Agriculture in Katha, stated, "This year, 22,344 acres of summer paddy were cultivated in Katha District during the summer crop season. At present, harvesting has been fully completed across all acres. Farmers were provided with agricultural techniques, awareness on pest prevention, guidance to prevent crop damage and losses, and information to ensure that the harvested paddy was stored properly and reached shelter in time."

This year, Katha Township of Katha District harvested 11,079 acres of summer paddy, Indaw Township 740 acres, Htigyaing Township 10,267 acres and Bamauk Township 258 acres, totalling 22,344 acres.

In Katha District, efforts have been made to support summer paddy farmers in improving per-acre yield and achieving target production levels. These efforts include the distribution of quality and pure seeds, dissemination of technical pamphlets, organization of farmer training sessions and educational discussions, as well as timely provision of necessary agricultural inputs.

Local farmers have also been encouraged to coordinate with the Department of Agriculture to make early preparations. These include following the department's guidelines on preventive measures against crop pests and diseases after harvesting monsoon paddy and other monsoon crops, implementing soil nutrient enrichment practices, and collecting quality seed varieties in advance to ensure timely cultivation of summer paddy and other crops.

**SMK**

# More than 15,000 acres of rain-fed green gram planted in Wetlet Township

WETLET July 26

Statistics of Wetlet Township Department of Agriculture stated that local farmers have so far planted more than 15,000 acres of rain-fed green gram in Wetlet Township of Sagaing Region this year.

During the 2025-2026 monsoon crop season, it is planned to cultivate 38,525 acres of rain-fed green gram in Wetlet Township. Cultivation began in May this year, and as of today, 15,920 acres have already been planted.

"This monsoon crop season, we've planned to grow over 38,000 acres of rain-fed green gram in Wetlet Township. So far, over 15,000 acres have been cultivated. Efforts are ongoing to meet the targeted acreage. There have been awareness programs to encourage expansion of cultivation and the use of quality seeds to ensure good yields," said Daw Kyin San, Head of the Wetlet Township Department of Agriculture.

This year, the Wetlet Township Department of Agriculture has been providing green gram farmers with guidance on selecting high-quality and suitable seed varieties for the region, proper cultivation methods, pest prevention, systematic use of fertilizers, and practices to ensure good yields.

Additionally, during this year's monsoon crop season, farmers cultivating various types of pulses are being supported through collaboration with the agriculture department. This includes supplying quality seeds, essential inputs, and post-harvest technology to help improve both yield and quality of the pulse crops.

**SK**

# Shwebo District grows over 4,000 acres of plantain trees

SHWEBO July 26

A total of 4,019 acres of plantain trees were planted in Shwebo District, Sagaing Region in this year rain crops planting season, according to the Department of Agriculture for Shwebo District.

Shwebo District planned to plant 4,019 acres of plantain trees during the 2025-2026 rain crops planting season, and planting has begun since May this year. To date, Shwebo Township has planted 1,420 acres, KhinU Township 268 acres, Wetlet Township 2,311 acres, and Kyaukmyaung Sub-Township 20 acres, totaling 4,019 acres.

"This year's rain crops planting season, Shwebo District planned to plant 4,019 acres of plantain trees. So far, 100 percent of the acres have been planted. Recently, plantain trees have also been planted in the fields. Pests and diseases are also generally less prevalent," said Daw Zar Zar Min, Assistant Director of the Department of Agriculture for Shwebo District.

Plantain farmers grow around 1,000 plantain plants per acre of land and spend up to Ks-2 million per acre to harvest, but they earn around Ks-5 million per acre at harvest time.

**SMK**

# Khamti Township cultivates more than 700 acres of vegetables

KHAMTI July 26

Statistics of Khamti Township Agriculture Department of Sagaing Region stated that local farmers planted a total of 701 acres of vegetables in the township this monsoon.

For the 2025-2026 monsoon cropping season, it is planned to cultivate 1,120 acres of vegetables in Khamti Township. As of now, planting began in May of this year, and 710 acres of croplands have already been placed under vegetable plantations.

Daw Su Su Khaing, Head of the Township Agriculture Department in Khamti, stated: "This year, during the monsoon season, more than 1,000 acres of vegetables are planned for cultivation in Khamti Township. As of today, 710 acres have already been planted. We are working to ensure that the full targeted acreage is cultivated. The crops include roselle, chili, herbs, potatoes, cabbage, eggplant, and mustard greens. We are providing farmers with technical support to grow all vegetables under the GAP (Good Agricultural Practices) system. The goal is to help farmers cultivate in a way that minimizes chemical residues and meets health standards."

This year, the Khamti Township Agriculture Department is conducting training for vegetable farmers on GAP-compliant cultivation techniques. They are also providing technical support to ensure that the vegetables harvested from the fields are safe and health-conscious. In addition, efforts are being made to encourage farmers to expand their vegetable cultivation areas.

Every year, a variety of seasonal vegetables are grown in Khamti Township. The cultivated vegetables have been successful and have become a source of income for families. The Township Agriculture Department continues to raise awareness among vegetable farmers on correct cultivation methods, pest prevention, the use of natural fertilizers, organic pesticides, and insect repellents.

**SK**

# Chinese embassy in Thailand advises Chinese citizens to avoid conflict zones along Thai-Cambodian border

BANGKOK July 26

The Chinese embassy in Thailand issued an advisory on Saturday urging Chinese citizens in Thailand to avoid traveling to areas affected by the ongoing border conflict between Thailand and Cambodia.

As clashes along the Thai-Cambodian border are still ongoing and the Thai authorities have imposed martial law in parts of Chanthaburi and Trat provinces, Chinese citizens, especially those near the conflict zones, are advised to closely monitor the evolving situation, pay attention to personal safety, and avoid the affected areas of the Thai-Cambodian border, said the embassy.

Chinese citizens and institutions currently in those areas should follow security guidelines issued by local authorities and be prepared to take shelter or evacuate if necessary. In the event of an emergency, Chinese citizens are advised to contact the local police and seek assistance from the Chinese embassy or consulate in Thailand. **Xinhua**

# Russian Foreign Ministry proposes establishing international day to counter Russophobia

SOLNECHNOGORSK July 26

An international day to counter Russophobia should be created as a counterweight to the West's anti-Russian narrative, Russian Foreign Ministry spokeswoman Maria Zakharova said on Saturday.

"I believe — and I have become even more convinced over the past few years — that there should be an international day to combat Russophobia," Zakharova said at a government-organized event in the Russian city of Solnechnogorsk.

Western-driven Russophobia has led to multiple tragedies over the past years, the spokeswoman added.

"Under the hellish banners of Russophobia, weapons are being supplied to the terrorist Kiev regime. Under the banners of Russophobia, children of different nations are being killed indiscriminately," Zakharova said.

In May, Kremlin spokesman Dmitry Peskov said that some countries in Europe continued to pursue "absurd" Russophobic policies, but serious contradictions were growing in Europe. **Sputnik**

# At least 18 dead, 24 injured in central Peru road accident

LIMA July 26

At least 18 people died and 24 others were injured in a road accident in the central Peruvian region of Junin, according to local media La Republica on Friday.



The accident occurred when a double-decker bus from the Expreso Molina Lider Internacional company fell into an abyss on a central highway near the Talca district in Tarma province.

Members of the Tarma Fire Department, the National Police, and health personnel arrived to rescue the injured, several of whom were trapped between the twisted iron, according to the state-run TV Peru.

Those affected were transferred to the Felix Mayorca Hospital in Tarma. Police officers isolated the accident scene to facilitate rescue efforts.

An investigation is underway to determine the cause, although it is presumed that the vehicle was driven at an excessive speed.

**Xinhua**

# At least 9 killed, 22 wounded in "terror" attack in SE Iran

TEHRAN July 26

At least nine people were killed and 22 others were injured in a "terrorist" attack Saturday morning on the building of the justice department in Iran's southeastern city of Zahedan, the capital of Sistan and Baluchestan province, the semi-official Tasnim news agency reported.

Responsibility for the attack has been claimed by Jaish al-Zulm, designated by Iran as a terrorist group, the report said.

It added that upon entering the justice department's premises, the "terrorists" opened fire on the people there, stressing that the casualties could further increase.

Iran's Islamic Revolution Guards Corps (IRGC) said in a statement published on its official news outlet Sepah News that its ground forces managed to kill three of the "terrorists."

The IRGC added that some of those injured in the attack were in critical condition, giving the assurance that security forces had the situation under control.

In remarks to Tasnim, Mohammad-Hassan Mohammadi, head of Zahedan University of Medical Sciences, said all the wounded were transferred to nearby hospitals.

Provincial authorities have called on people to stay away from the justice department and the surrounding areas.

Jaish al-Zulm has been involved in many deadly attacks against Iranian security forces and civilians in recent years.

**Xinhua**

# Russia and Ukraine agree on leaders' summit-Turkish FM

MOSCOW July 26

Moscow and Kiev have agreed for Russian President Vladimir Putin to meet with Ukraine's Vladimir Zelensky, according to Turkish Foreign Minister Hakan Fidan. His remarks came shortly after the latest round of bilateral negotiations facilitated by Ankara.

The third round of direct peace talks took place on Wednesday in Istanbul. While no ceasefire was reached, the parties made some progress on humanitarian issues, including agreements on the further exchange of prisoners of war and civilians.

"During the meeting, leaders discussed the conditions under which they might come together," Fidan told Turkish broadcaster NTV on Friday, noting that "a summit between the leaders in Türkiye was agreed upon in principle."

Earlier in the week, Fidan described the Istanbul talks as another step toward ending the conflict, emphasizing that "every new achievement brings the sides one step closer to peace."

Kremlin spokesman Dmitry Peskov confirmed that a potential meeting between Putin and Zelensky is being considered, but stressed that it should only take place at the final stage of peace negotiations. He added that such a summit is "unlikely" to happen within a month.

Russia maintains that it is open to a diplomatic solution, but only one that addresses what it calls the "root causes" of the war and Moscow's security concerns.

Zelensky has long called for a personal meeting with Putin. Ukraine's negotiators reiterated the proposal in Istanbul this week, saying that a one-on-one summit was a key step toward ending the fighting. US President Donald Trump has also voiced support for direct talks between the two leaders as part of a broader push to resolve the conflict. Moscow has never ruled out the possibility, but insists that the necessary groundwork must first be established.

Russia has questioned Zelensky's legitimacy, citing the expiration of his five-year term in May 2024. Zelensky has refused to hold new elections, citing martial law. Russian officials argue that any agreements signed under his authority could potentially be contested.

The Kremlin has also demanded that Ukraine lift martial law and hold elections within 100 days as a condition for any long-term ceasefire.

**RT**

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# English Grammar in Use (Intermediate Level)

Unit 30

## may and might 2

D **might as well**

Helen and Clare have just missed the bus.

The buses run every hour.

What shall we do? Shall we walk?

We **might as well.** It's a nice day and I don't want to wait here for an hour.




We **might as well** do something = we should do it because there is no better alternative. There is no reason not to do it.

You can also use **may as well.**

- A: What time are you going out?
  B: Well, I'm ready, so I **might as well go** now. or … I **may as well go** now.
- Buses are so expensive these days, you **might as well get** a taxi.
  (= taxis are as good, no more expensive than buses)

**will be -ing** → **Unit 24** **may/might 1** → **Unit 29** **may I … ?** → **Unit 37**
**might** with **if** → **Units 38C, 40D**

## Exercises

**30.1** **Which alternative makes sense?**

1 A: Where are you going for your holidays?
B: I haven't decided yet. I might go / I'm going to Ireland. (I might go makes sense)

2 A: Have you decided what sort of car you want to buy?
B: Yes, I might get / I'm going to get a sports car.

3 A: When is Tom coming to see us?
B: He hasn't said yet. He might come / He's coming on Sunday.

4 A: Where are you going to put that picture?
B: I don't know yet. I might hang / I'm going to hang it in the bedroom.

5 A: What's Tanya going to do when she leaves school? Does she know yet?
B: Yes, she's decided. She might go / She's going to university.

6 A: Do you have plans for the weekend?
B: Nothing fixed. I might go away / I'm going away.

**30.2** **Complete the sentences using** might **+ a verb from the box:**

| hear |
|---|
| need |
| rain |
| slip |
| spill |
| wake |

1 Take an umbrella with you when you go out. It might rain later.
2 Don't make too much noise. You ……………… the baby.
3 Be careful with your coffee. You ……………… it.
4 Don't forget your phone. You ……………… it.
5 It's better if we don't talk so loud. Somebody ……………… us.
6 Be careful. This footpath is icy. You ………………

**Raymond Murphy**

# Robotic Innovation and Odd News

မောင်ယုယ စုစည်းတင်ပြသည်။

## မျိုးဆက်သစ် ကမ္ဘာ့အမြန်ဆုံးစက်ရုပ်လူသား သို့မဟုတ် Robotera L7 စက်ရုပ်ကို တရုတ်ထုတ်ဖော်ပြသ



မျိုးဆက်သစ် စက်ရုပ်အမျိုးအစား တစ်ခုဖြစ်သည့် ကမ္ဘာ့အမြန်ဆုံးစက်ရုပ်လူသားပုံစံတစ်မျိုးအား တရုတ်နိုင်ငံက ထုတ်ဖော်ပြသလိုက်သည်။

Robotera L7 ဟုအမည်ပေးထားသည့် အဆိုပါလူသားစက်ရုပ်သည် အမြင့် ၅ ပေ ၇ လက်မ (၁၇၅ စင်တီမီတာ) ရှိပြီး တစ်နာရီလျှင် ၉ မိုင်နှုန်း (၁၄ ဒသမ ၄ ကီလိုမီတာ)အထိ ပြေးနိုင်ခြင်းကြောင့် ကမ္ဘာ့အမြန်ဆုံး စက်ရုပ်ဖြစ်လာသည်။ ၎င်းစက်ရုပ်အား တရုတ်နိုင်ငံ ပေကျင်းမြို့တော်ရှိ ဆင်းဟွာတက္ကသိုလ်က ထုတ်လုပ်ထားခြင်းဖြစ်သည်။

Robotera L7 စက်ရုပ်နှင့်စပ်လျဉ်း၍ ထုတ်လုပ်သူများက အသေးစိတ်အချက်အလက်များကို ထုတ်ပြန်ထားခြင်းမရှိသော်လည်း အဆိုပါစက်ရုပ်သည် အထုပ်အပိုးများကို ထုပ်ပိုးနိုင်သည့်အပြင် ကခုန်ခြင်းနှင့် အီလက်ထရွန်နစ်ပစ္စည်းများကိုပါ တိကျစွာအသုံးပြုနိုင်သည်။

တရုတ်နိုင်ငံသည် ပြီးခဲ့သည့် လအတွင်းကလည်း အစားအသောက်များစားသုံးရာတွင် တူများကိုကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ပြီး ပေါက်စီများကို ပြုလုပ်ချက်ပြုတ်နိုင်ရန်၊ ဝိုင်အရက်ငှဲ့ပေးရန်နှင့် မိရိုးဖလာ စားသောက်ဖွယ်ရာများကို ချက်ပြုတ်နိုင်ရန် သင်ကြားပေးထားသည့် STAR1 အမည်ရှိ ကမ္ဘာ့ပထမဆုံးသော စက်ရုပ်လူသားတစ်မျိုးကိုလည်း ထုတ်လုပ်ခဲ့ပြီးဖြစ်သည်။

ယခု ဖန်တီးထုတ်လုပ်ထားသည့် Robotera L7 စက်ရုပ်သည် အဆိုပါ STAR1 စက်ရုပ်လူသားကို အဆင့်မြှင့်တင်၍ မွမ်းမံထုတ်လုပ်ထားခြင်းဖြစ်သည်။

Ref: Ls

## ဒေါင်လိုက်အတက်အဆင်းလုပ်ဆောင်နိုင်သည့် ကမ္ဘာ့ပထမဆုံးသော လျှပ်စစ်မောင်းသူမဲ့ လေယာဉ် သို့မဟုတ် CarryAll V2000CG လျှပ်စစ်လေယာဉ်



တရုတ်နိုင်ငံသည် ဒေါင်လိုက်အတက်အဆင်းလုပ်ဆောင်နိုင်သည့် ကမ္ဘာ့ပထမဆုံးသော လျှပ်စစ်မောင်းသူမဲ့လေယာဉ်တစ်စင်း (eVTOL) ကို နိုင်ငံအတွင်းမောင်းနှင်အသုံးပြု ထုတ်လုပ်၊ မောင်းနှင်ခွင့်ပြုလိုက်ပြီဖြစ်သည်။

CarryAll V2000CG ဟုအမည်ပေးထားသည့် အဆိုပါကမ္ဘာ့ပထမဆုံးသော လျှပ်စစ်မောင်းသူမဲ့လေယာဉ်အား တရုတ်လျှပ်စစ်လေယာဉ်ကုမ္ပဏီကြီး တစ်ခုဖြစ်သည့် Autoflight က တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဆိုပါကုမ္ပဏီသည် လေယာဉ်ထုတ်လုပ်ရန်နှင့် ပျံသန်းရာတွင် ဘေးကင်းမှုရှိကြောင်း ထောက်ခံချက်များ ရရှိပြီးဖြစ်သည်။

ထို့ကြောင့် အစိုးရထံမှ ယခုကဲ့သို့ ထောက်ခံချက်များနှင့် ခွင့်ပြုချက်များ ရရှိခြင်းသည် လာမည့် အနာဂတ်ကာလတွင် ခရီးသည်တင်လေကြောင်းခရီးစဉ်များ ပြေးဆွဲနိုင်မည့် အခွင့်အလမ်းများကို ထွက်ပေါ်လာစေခဲ့ကြောင်း Autoflight ကုမ္ပဏီက ပြောသည်။

CarryAll V2000CG လေယာဉ်သည် မောင်းသူမဲ့လျှပ်စစ်လေယာဉ်အမျိုးအစားဖြစ်ပြီး ထွက်ခွာပျံသန်းချိန်တွင် အများဆုံးအလေးချိန်အဖြစ် မက်ထရစ်တန် နှစ်တန် ၄၄၀၀ ပေါင်ခန့်အထိ သယ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် တစ်နာရီလျှင် ၁၂၄ မိုင် (၂၀၀ ကီလိုမီတာ)အရှိန်နှုန်းဖြင့် မောင်းနှင်ပျံသန်းနိုင်သည်။

ယခုထုတ်လုပ်လိုက်သည့် မောင်းသူမဲ့လျှပ်စစ်လေယာဉ်ကို ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်း၊ အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ခြင်းနှင့် သဘာဝဘေးအန္တရာယ် တုံ့ပြန်ကယ်ဆယ်ခြင်းစသည့်လုပ်ငန်းများတွင်ကောင်းစွာအသုံးပြုနိုင်ကြောင်း Autoflight ကုမ္ပဏီက ပြောကြားထားသည်။

Ref: Cd

## လွန်ခဲ့သည့် နှစ်ပေါင်း ၃၂၀၀ ခန့် ထရိုဂျင်စစ်ပွဲကာလအတွင်းက အသုံးပြုခဲ့သည့် သံချပ်ကာအင်္ကျီတစ်ထည်အား ပညာရှင်များက ချက်သမ္မတနိုင်ငံတွင် တူးဖော်တွေ့ရှိ

ရှေးဟောင်းသုတေသနပညာရှင်များသည် လွန်ခဲ့သည့်နှစ်ပေါင်း ၃၂၀၀ ခန့် ကြေးခေတ်နှောင်းပိုင်း ထရိုဂျင်စစ်ပွဲကာလအတွင်းက အသုံးပြုခဲ့သည့် သံချပ်ကာအင်္ကျီတစ်ထည်အား ချက်သမ္မတနိုင်ငံတွင် တူးဖော်တွေ့ရှိခဲ့သည်။




အဆိုပါ ကြေးခေတ်သံချပ်ကာအင်္ကျီအား ပညာရှင်များက ဘော်နိုမြို့အနီးရှိ မိုရာဗီးယားဒေသ တောင်ပိုင်းတွင် နှစ်နှစ်ကြာတူးဖော်ခဲ့ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် သုတေသီများသည် အဆိုပါသံချပ်ကာအင်္ကျီနှင့်အတူ လုံခေါင်း၊ တံစဉ်၊ အပ်ချောင်း၊ မှိန်းနှင့် ကြေးဖြင့် ပြုလုပ်ထားသည့် အခြားပစ္စည်းအစိတ်အပိုင်းများကိုပါ တူးဖော်တွေ့ရှိခဲ့ကြသည်။

ယခုရှာဖွေတွေ့ရှိခဲ့သည့် ပစ္စည်းများကို ရှေးရိုးရာဓလေ့အရ မြှုပ်နှံသင်္ဂြိုဟ်မှု မပြုလုပ်မီ အဆိုပါလက်နက်ပစ္စည်းများအား ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု ပညာရှင်များက ယူဆထားသည်။

သုတေသီများ တူးဖော်တွေ့ရှိခဲ့သည့် ကြေးခေတ်သံချပ်ကာအင်္ကျီသည် ဘီစီ ၁၆၀၀ မှ ဘီစီ ၁၂၀၀ အတွင်းဖြစ်ပွားခဲ့သည့် ထရိုဂျင်စစ်ပွဲနှင့် ဆက်စပ်နေပြီး ထိုစဉ်က ရာထူးအဆင့်အတန်းအားဖြင့် မြင့်မားသည့် သူရဲကောင်းအချို့ကသာ ထိုသို့သော သံချပ်ကာအင်္ကျီမျိုးကို ဝတ်ဆင်လေ့ရှိကြောင်း၊ ထို့ကြောင့် ထရိုဂျင်စစ်ပွဲကာလအတွင်းအသုံးပြုခဲ့သည့် သံချပ်ကာအင်္ကျီကဲ့သို့သော ရှားပါးအမွေအနှစ်မျိုးကို တူးဖော်တွေ့ရှိခဲ့ခြင်းသည် ထူးခြားမှုပင်ဖြစ်ကြောင်း ဘော်နိုမြို့ပြတိုက်မှ ညွှန်ကြားရေးမှူး ဇစ်ဘ်နက်ဆော့က ပြောကြားထားသည်။

Ref: Ao

# ချူကလီးယားဖျက်သိမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ရေးအတွက် အမေရိကန်က မြောက်ကိုရီးယားနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိဟုဆို

**ဆိုး၊ နိုင်ငံရေး**



မြောက်ကိုရီးယားနိုင်ငံ၏နျူကလီးယားဖျက်သိမ်းရေးကို အပြည့်အဝဖော်ဆောင်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုက မြောက်ကိုရီးယားအစိုးရနှင့်ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်ဟု အမေရိကန်အစိုးရအဖွဲ့မှ အရာရှိများ၏ ပြောကြားချက်ကိုကိုးကား၍ တောင်ကိုရီးယားနိုင်ငံမှ ယွန်ဟပ်သတင်းအေဂျင်စီက ဇူလိုင်လ ၂၆ ရက်တွင်ဖော်ပြသည်။

သမ္မတထရမ့်ဦးဆောင်သည့် အမေရိကန်အစိုးရသည် မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားဖျက်သိမ်းရေးနှင့်စပ်လျဉ်း၍ ခေါင်းဆောင်ကင်ဂျုံအွန်နှင့်တွေ့ဆုံဆွေးနွေးမှုများပြန်လည်ကျင်းပနိုင်ရန် မျှော်လင့်လျက်ရှိသည်။

ထရမ့်နှင့်ခေါင်းဆောင်ကင်တို့နှစ်ဦးသည် ၂၀၁၈ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်သည်။

အမေရိကန်အစိုးရအနေဖြင့် မြောက်ကိုရီးယားအစိုးရနှင့် တွေ့ဆုံဆွေးနွေးရေးကို ပြန်လည်စတင်ရန်အတွက် ခေါင်းဆောင်ကင်နှင့် ထိတွေ့ဆက်ဆံမှုများကို လုပ်ဆောင်နိုင်ဖွယ်ရှိသည်ဟု ထရမ့်က ယခုနှစ် မတ်လအတွင်းကလည်း ပြောကြားထားသည်။

ယင်းနောက်ပိုင်းတွင် အမေရိကန်အစိုးရသည် မြောက်ကိုရီးယားနှင့် ဆွေးနွေးပွဲများပြန်လည်စတင်ရန်အတွက် အသုံးပြုနိုင်သည့် နည်းလမ်းများကို ရှာဖွေလာခဲ့ကြောင်း Axios သတင်းဌာနက ဖော်ပြခဲ့ကြောင်း သိရသည်။

**Ref: Iv**

# အီရန်နိုင်ငံရှိ တရားရုံးတစ်ရုံးတွင် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွား အနည်းဆုံး လူ ကိုးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိ

**တီဟီရန်၊ အကြမ်းဖက်မှု**



အီရန်နိုင်ငံ ဆစ်စတန်-ဘာလူချက်စတန်ပြည်နယ်ရှိ တရားရုံးတစ်ရုံးတွင် ဇူလိုင်လ ၂၆ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားရာ အနည်းဆုံး လူ ကိုးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရရှိသွားကြောင်း နိုင်ငံပိုင်မီဒီယာတစ်ခုက ထုတ်ပြန်သည်။

အကြမ်းဖက်တိုက်ခိုက်ခဲ့သည့် အဖွဲ့အစည်းမှာ ဆွန်နီမွတ်စလင်အဖွဲ့ဖြစ်သည့် ဂျာအစ်အယ်အာဒီဘာလွတ်ချ်အဖွဲ့ဖြစ်ပြီးတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အကြမ်းဖက်အဖွဲ့နှင့် တရားရုံးတွင် စောင့်ကြပ်နေသည့် လုံခြုံရေးတပ်ဖွဲ့များအကြား အပြန်အလှန်ဖြစ်ပွားခဲ့ကြောင်းသိရသည်။ အဆိုပါအပြန်အလှန်ပစ်ခတ်မှုအတွင်း အကြမ်းဖက်အဖွဲ့မှ စစ်သွေးကြွနှစ်ဦးသေဆုံးသွားကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အကြမ်းဖက်အဖွဲ့သည် တရားရုံးကို တိုက်ခိုက်ရန်အတွက် အသေခံဗုံးခွဲတိုက်ခိုက်နိုင်သည့်အင်္ကျီများနှင့် လက်ပစ်ဗုံးများကို သယ်ဆောင်၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်တရားရေးဆိုင်ရာအဖွဲ့မှအကြီးအကဲက IRNA သတင်းအေဂျင်စီသို့ပြောသည်။

တရားရုံးတိုက်ခိုက်မှုသည် ၎င်းတို့၏ လက်ချက်ဖြစ်ကြောင်း ဂျာအစ်အယ်အာဒီဘာလွတ်ချ်အဖွဲ့ကထုတ်ပြန်ထားပြီး အဆိုပါတိုက်ခိုက်မှုအတွင်း တရားရုံးမှတရားသူကြီးများ၊ တရားရုံးအမှုထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အဓိကပစ်မှတ်ထားလုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါအဖွဲ့က လူသိရှင်ကြား ထုတ်ပြန်ထားသည်။

ထို့ပြင် ယခုတိုက်ခိုက်ခံရသည့် တရားရုံးသည် ပြည်နယ်အတွင်းရှိ ပြည်သူများအား သေဒဏ်ချမှတ်မှုများနှင့် နေအိမ်များကို ဖြိုချပစ်ရန် အမိန့်များထုတ်ပြန်ခဲ့ခြင်းကြောင့် အကြမ်းဖက်အဖွဲ့က လက်တုံ့ပြန်ခြင်းဖြစ်ကြောင်းသိရသည်။

**Ref: St**

## သတင်းတိုကဏ္ဍ

# ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွား၊ လူတစ်ဦးသေဆုံး

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ဆူရှီစားသောက်ဆိုင်တစ်ဆိုင်တွင် ဓားဖြင့်တိုက်ခိုက်မှုဖြစ်ပွားရာ လူတစ်ဦးသေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်သည်။

အဆိုပါတိုက်ခိုက်မှုသည် မြို့တော်ရှိ လူစည်ကားသည့် အီကေဘူကူရို အရပ်ရှိ စားသောက်ဆိုင်၌ ဇူလိုင်လ ၂၅ ရက်ကဖြစ်ပွားခြင်းဖြစ်ပြီး တိုက်ခိုက်မှုတွင် အသက် ၃၀ ကျော်အရွယ်ရှိ အမျိုးသားတစ်ဦးသေဆုံးသွားခြင်းဖြစ်သည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းတွင် အသက် ၅၀ ကျော်အရွယ် အမျိုးသားကြီးတစ်ဦးသည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၃၅ မိနစ်ခန့်တွင် အနီးအနားရှိ ရဲစခန်းသို့လာရောက်၍ အဖမ်းခံခဲ့ကြောင်းသိရသည်။ ၎င်းအမျိုးသားနှစ်ဦးသည် အဆိုပါဆူရှီစားသောက်ဆိုင်၌ အတူတကွ အလုပ်လုပ်ကိုင်နေသူများဖြစ်သည်။

ဓားဖြင့်တိုက်ခိုက်ခံရသူအမျိုးသားသည် ဆေးရုံသို့ရောက်ရှိပြီးနောက် သေဆုံးသွားကြောင်း ကျိုဒိုသတင်းဌာနကဖော်ပြသည်။ တိုက်ခိုက်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို ရဲတပ်ဖွဲ့က ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်းသိရသည်။

**Ref: St**

# ထိုင်းနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား အပြန်အလှန်တိုက်ခိုက်မှုများဆက်လက်ဖြစ်ပွား

ထိုင်းနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံအကြား ဇူလိုင်လ ၂၆ ရက်က အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

နှစ်နိုင်ငံစလုံး၌ သေဆုံးထိခိုက်မှုများ မြင့်တက်လာစဉ် နှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ချမှတ်ရန် ကုလသမဂ္ဂဆိုင်ရာ ကမ္ဘောဒီးယားသံအမတ်က ထိုင်းနိုင်ငံအား တောင်းဆိုထားကြောင်း သိရသည်။

ထို့ပြင် ထိုင်းနှင့်ကမ္ဘောဒီးယားတို့အကြား လက်ရှိဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခကို ဖြေရှင်းနိုင်ရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇူလိုင်လ ၂၅ ရက်တွင် တံခါးပိတ်ဆွေးနွေးပွဲတစ်ရပ်ကိုကျင်းပခဲ့ပြီး မလေးရှားဝန်ကြီးချုပ် အန်နဝါအီဘရာဟင်ကလည်း အပစ်အခတ် ရပ်စဲကြရန် နှစ်နိုင်ငံစလုံးကို တောင်းဆိုထားကြောင်းသိရသည်။

သို့သော် နှစ်နိုင်ငံအကြားဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်စပ်လျဉ်း၍ ထိုင်းနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သည် အပြန်အလှန်စွပ်စွဲလျက်ရှိနေကြသည်။

**Ref: Iv, Aa, Smh**

# လူသားချင်းစာနာမှုဆိုင်ရာအကူအညီများအား စောင့်ဆိုင်းနေသူများကို အစ္စရေးကတိုက်ခိုက်၊ ၂၀ ဦးသေဆုံးပြီး ၁၀၀ ခန့်ဒဏ်ရာရဟုဆို

**ဂါဇာစီးတီး၊ အကြမ်းဖက်မှု**

ဂါဇာကမ်းမြောင်ဒေသသို့ပေးပို့သည့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများအား စောင့်ဆိုင်းနေသူများကို အစ္စရေးနိုင်ငံက တိုက်ခိုက်ခဲ့ခြင်းကြောင့် လူ ၂၀ ဦးသေဆုံးပြီး ၁၀၀ ခန့် ဒဏ်ရာရရှိသွားကြောင်း Al Jazeera ရုပ်သံသတင်းဌာနက ဇူလိုင်လ ၂၆ ရက်တွင် ဖော်ပြသည်။

အစ္စရေးတပ်မတော်သည် ဇစ်ကင်နယ်စပ်ဖြတ်ကျော်ရေးစခန်းအနီးတွင် လူသားချင်းစာနာမှုအကူအညီများရရှိရန်အတွက် စောင့်ဆိုင်းနေသည့် ပါလက်စတိုင်းပြည်သူများအပေါ် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ရုပ်သံသတင်းဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစာရေစာငတ်မွတ်ခေါင်းပါးမှုဖြစ်ပွားခြင်းမရှိဘဲ စားရေရိက္ခာမဖူလုံမှုသာဖြစ်ပွားနေကြောင်း အစ္စရေးနိုင်ငံက ဇူလိုင်လ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီး ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းအကူအညီပေးရေးပစ္စည်းများကို တင်ဆောင်လာသည့် ကုန်တင်ယာဉ်အစီးပေါင်း ၉၀၀ ကိုစေလွှတ်ရန် အစ္စရေးနိုင်ငံက ကုလသမဂ္ဂအဖွဲ့အား စည်းရုံးနိုင်ခဲ့ကြောင်း Jerusalem Post သတင်းစာက ဖော်ပြထားသည်။



အစ္စရေးနိုင်ငံသည် ပါလက်စတိုင်းစစ်သွေးကြွအဖွဲ့ဖြစ်သည့် ဟားမက်အဖွဲ့က အစ္စရေးပိုင်နက်များအတွင်းသို့ ၂၀၂၃ခုနှစ် အောက်တိုဘာလ ၇ ရက်က စတင်တိုက်ခိုက်ခဲ့ပြီးနောက် တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသအတွင်းသို့ ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အစ္စရေး၏ အဆိုပါထိုးစစ်အတွင်း ပါလက်စတိုင်းပြည်သူ ၆၀၀၀၀ နီးပါးသေဆုံးခဲ့ပြီးဖြစ်သည်။

**Ref: Iv, St**

# (၃၈)ကြိမ်မြောက်ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်း ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခုရရှိထား



ရန်ကုန် ဇူလိုင် ၂၆

ထိုင်းနိုင်ငံ Songkhla မြို့၌ ကျင်းပလျက်ရှိသည့် (၃၈)ကြိမ်မြောက်ထိုင်းဘုရင့်ဖလား ကမ္ဘာ့ချန်ပီယံရှစ်ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြန်မာအသင်းက ငွေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိထားကြောင်း သိရသည်။

မြန်မာအသင်းသည် ယနေ့နေ့လယ်ပိုင်းတွင် ပြုလုပ်သည့် အမျိုးသား+အမျိုးသမီးလေးယောက်တွဲ ဗိုလ်လုပွဲစဉ်တွင် အိမ်ရှင်ထိုင်းအသင်းကို အကြိတ်အနယ်ကြိုးစားယှဉ်ပြိုင်ခဲ့သော်လည်း ရွှေတံဆိပ်နှင့်လွဲချော်ရှုံးနိမ့်ခဲ့ပြီး ဒုတိယငွေတံဆိပ်ဆုနှင့်သာ ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ယင်းအမျိုးသား+အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် အိမ်ရှင် ထိုင်း၊ မလေးရှား၊ ဗီယက်နမ်တို့နှင့်တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး ပွဲကျပ်များကိုယှဉ်ပြိုင်ကျော်ဖြတ်ခဲ့ရသည်။ တစ်ဖက်အုပ်စုတွင် လာအို၊ အိန္ဒိယ၊ ဂျပန်နှင့် တောင်ကိုရီးယားအသင်းတို့ပါဝင်ကြသည်။


မြန်မာအသင်းသည် အုပ်စုပွဲတွင် ထိုင်းအသင်းကို ရှုံးနိမ့်ခဲ့သော်လည်း အားနည်းချက်များ ပြန်လည်ပြင်ဆင်ကာ ယှဉ်ပြိုင်ခဲ့သည့်အတွက် မလေးရှားအသင်းနှင့်ဗီယက်နမ်အသင်းတို့ကိုအနိုင်ရရှိပြီး အုပ်စုတက်လာခဲ့သည်။ အုပ်စုပွဲကျော်ဖြတ်ပြီးချိန်တွင် တစ်ဖက်အုပ်စုမှတက်လာသည့် လာအိုနှင့် ဆုံတွေ့ခဲ့သည်။ လာအိုအသင်းကိုထပ်မံအနိုင်ယူပြီး ပြိုင်ဘက်ဟောင်းအိမ်ရှင်ထိုင်းအသင်းနှင့် ဗိုလ်လုပွဲစဉ်တွင် ထပ်မံဆုံတွေ့ခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် အခြားပွဲစဉ်များဖြစ်သည့် အမျိုးသမီးကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတွင် ငွေတံဆိပ်၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုများ ဆွတ်ခူးရရှိထားကြောင်းနှင့် အမျိုးသမီးအသင်းသည် ဝင်ရောက်ယှဉ်ပြိုင်သည့် ပြိုင်ပွဲသုံးမျိုးလုံး ဆုတံဆိပ်ရရှိခဲ့ကြောင်းလည်း သိရသည်။

ဝန်းရံခ

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။






မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဇူလိုင် ၂၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

**ဇူလိုင်လ ၂၄ ရက်**တွင် အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၈)လုံးအတွင်းမှ တရားဝင်စာရွက် စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၆၄၆၃၈၀၀၀၀) ကိုလည်းကောင်း၊ **ဇူလိုင်လ ၂၅ ရက်**တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည် (၂)ဦး၏ ဝန်စည်များအတွင်းမှ လုပ်ငန်းသုံးပစ္စည်း (၂)မျိုး၊ လူသုံးကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)ကိုလည်း ကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့်လုပ်ငန်းသုံးပစ္စည်း (၄၀)မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၇၉၉၀၂)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၆၅၉၉၀၂)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် **ဇူလိုင်လ ၂၅ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန် သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ဝေါမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၅၀၀၀၀၀)** ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ မြစ်သားမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၄၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၄၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့၊ ဒေါင်းဇရပ်၊ကင်းမွန်ခြံ ရပ်ကွက်၊ အိမ်အမှတ်(၉၃၄)၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၇)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့၊ ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့လုပ်ငန်းသုံးပစ္စည်း (၉၁)မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၇၇၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၂၅ ရက်**တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် (၁၂)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂၇)စီး ဖမ်းဆီး ရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇူလိုင်လ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၂)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၄၂၂၆၉၀၂)**ကို ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံတော်၏စီးပွားရေးဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုများသည် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေး ကဏ္ဍအပေါ် များစွာ ဆိုးကျိုးသက်ရောက်ခြင်းများကြောင့် ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် လျှော်ဘေးဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားတို့သို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်

နေပြည်တော်  ဇူလိုင် ၂၆

နေပြည်တော် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းနိုင်ရေးအတွက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဒက္ခိဏသီရိမြို့နယ် မာရဝိဇယဘုရားအနီး ရန်အောင်မြင်ကြိုးဝိုင်း၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။



ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက ပိတောက်ပင်ကိုစတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများက မဟော်ဂနီ၊ စိန်ပန်း၊ ကုက္ကိုနှင့် ပိတောက် စုစုပေါင်းအပင် ၆၀၀ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်၌ စာသင်ကျောင်းများ၊ ဆေးရုံများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများနှင့် မြို့၊ ကျေးရွာများအတွင်း သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုများက မြို့လုံးကျွတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့သို့သွားရောက်ပြီး မြို့တွင်းသန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်- ၁ ရပ်ကွက် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး၊ အမှတ်-၂ ရပ်ကွက် အောင်ဇေယျလမ်းနှင့်လမ်းမတော်လမ်း၊ အမှတ်-၃ ရပ်ကွက် ဘုရားလမ်းနှင့်ဖောင်တော်ချက်မ ဘုရားဝင်းများ၌ လမ်းဘေးရေနုတ်မြောင်းများ တူးဖော်ရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ခေတ်ရှေ့ဆောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်သည့် သဘာဝဘေးအသိပညာပေးဟောပြောပွဲနှင့် လျှော်ဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခြင်းအခမ်းအနားကို တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား၊ ကျောင်းသူများကို သဘာဝဘေးအသိပညာပေးဟောပြောပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများအား မီးသတ်ဆေးဘူးအသုံးပြုပုံသရုပ်ပြခြင်း၊ ဉာဏ်စမ်းပဟေဠိကစားခြင်း၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ အသုံးပြုပုံ ရှင်းလင်းပြသနေမှုနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ကျောင်းသား၊ ကျောင်းသူများက လျှော်ဘေးသဏ္ဌာန်တူဇာတ်တိုက်လေ့ကျင့်ခန်းဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး ဇာတ်တိုက်လေ့ကျင့်မှုတွင် ပါဝင်သရုပ်ပြသခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပုဗ္ဗသီရိမြို့နယ် ကုလားရွာသို့ သွားရောက်၍ တောင်သူများနှင့်တွေ့ဆုံပြီး အောင်နိုင်တိုးမျိုးစပါး၊ နေကြာနှင့် ပဲတီစိမ်းမျိုးစေ့များကို လည်းကောင်း၊ နေပြည်တော်ကောင်စီဝင်များက သဘာဝမြေသြဇာနှင့် မျိုးစေ့ချကိရိယာ (Seeder) များကိုလည်းကောင်း ပေးအပ်ကြကာ ဆင်သေချောင်းဘေး သီးနှံများစိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

ရန်ကုန်  ဇူလိုင် ၂၆

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းဒေသကြီးပင်လယ်ကမ်းရိုးတန်း သယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်အဖွဲ့က အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ပိုစတာများအား လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ ပြည်သူလူထုအကြားတွင် ပိုမိုနိုးကြားသိမြင်လာစေရန်အတွက် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ကို "ဒီရေတောများ သားစဉ်မြေးဆက် ထိန်းသိမ်းအသုံးပြုနိုင်ရေး ပြည်သူလူထုအသိပညာမြှင့်တင်ပေး" ဟူသောဆောင်ပုဒ်ဖြင့် နှစ်စဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုကို တိုက်ဖျက်ရာတွင် ဒီရေတောများသည် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်သည့် တံတိုင်းကြီးများဖြစ်သကဲ့သို့ ကာဗွန်စုပ်ယူသိုလှောင်ပေးထားသည့် ကာဗွန်သိုလှောင်ကန်ကြီးများလည်းဖြစ်ကြောင်းနှင့် ဒီရေတောများထိန်းသိမ်းခြင်း၊ ဒီရေတောဂေဟစနစ်များ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများသည် ဒီရေတောများ သားစဉ်မြေးဆက် ထိန်းသိမ်းအသုံးပြုနိုင်ရေးတွင် လွန်စွာအရေးပါသည့်အတွက် ဒီရေတောဂေဟစနစ်များဖွံ့ဖြိုးရေးကို အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video Clip အားပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဝန်းရံခ**

# ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၆

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယမန်နေ့ညနေပိုင်းက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံသို့ သွားရောက်၍ မန္တလေးလျှော်ကြီးကြောင့် ထိခိုက်ပျက်စီးသွားသည့် အဆောက်အအုံများထဲမှ ပြုပြင်ပြီး ကျောင်းသူအိပ်ဆောင်နှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ ပြုပြင်ဆဲဆေးဆိုးနှင့် ပန်းပုံရိုက်နည်းပညာဌာန၊ သင်ကြားရေးစက်ရက်ကန်းရုံ၊ ဝန်ထမ်းအိမ်ရာတို့ကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး အနီးရောင်အဆင့်သတ်မှတ်ချက် အဆောက်အအုံများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဆက်လက်ဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား မှာကြားသည်။



